မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ် စာသင်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားရေးရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ထူထောင်ရေး အသိပညာရှင်၊ အတတ်ပညာရှင် စသည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ ဖော်ဆောင်နိုင်မည်

နိုင်ငံသားတစ်ယောက်အနေဖြင့် ကိုယ့်နိုင်ငံ၏ အမျိုးသားရေးမူဝါဒကို သိရှိပြီး လက်ခံယုံကြည် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သွားကြ

နေပြည်တော် မတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ် စာသင်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် အဆိုပါတက္ကသိုလ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်နန်းစိုးစိုးအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အချပ်ပိုများပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ်(၃/၂၀၁၀) ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အချပ်ပို (၈) မျက်နှာနှင့် ဥပဒေအမှတ် (၄/၂၀၁၀) ဖြင့် ထုတ်ပြန်ခဲ့သည့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အချပ်ပို (၈) မျက်နှာတို့ ပါရှိပါသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) စာသင်ဆောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၁ ရက်)

ရေအရင်းအမြစ် အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံသည် ရေမြေသယံဇာတများနှင့် ပြည့်စုံသည့်အလျောက် ရေအရင်းအမြစ်လည်း ကြွယ်ဝသောနိုင်ငံဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိမည့် ရေသုံးစွဲမှုဆိုင်ရာ မူဝါဒများ၊ ရေစီမံခန့်ခွဲမှုများကို ကျင့်သုံးနေပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ရေရှားပါးမှု ကြုံတွေ့မှုကို ဖြေရှင်းနိုင်ရန် ဆည်၊ ကန်၊ ငယ်စီမံကိန်းများကို ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ရေခက်ခဲသောဒေသများတွင် ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက် ရှိသည်။ ရေသည် လူမှုစီးပွားဘဝတစ်ခုလုံးအတွက် မရှိမဖြစ်သော သဘာဝအရင်းအမြစ်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ဆည်မြောင်းစီမံကိန်းများ၏ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို မတ်လ ၇ရက်နေ့က ပဲခူးတိုင်း ပဲခူးမြို့ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပသည်။

ယင်းစာတမ်းဖတ်ပွဲသည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး စာတမ်းဖတ်ပွဲမှ ရေအသုံးချရေးနှင့်စပ်လျဉ်း၍ အရေးကြီးသော အချက်အလက်များကို ရရှိလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရန် ဆည်တမံများတည်ဆောက်ပေးခဲ့ရာ ယနေ့အထိ ဆည်တမံ ၂၃၁ခုရှိပြီဖြစ်သည်။ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးသာမက မြေအောက်ရေကို စက်ရေတွင်းများ၊ ရေလျှံတွင်းများတူးဖော်ကာ ကျေးလက်ဒေသရေရရှိရေးကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသည့် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ ကျေးရွာ ၈၀၄၂ရွာတွင်လည်းကောင်း၊ အခြားသော ကျေးရွာ ၁၄၉၇၉ရွာတွင်လည်းကောင်း သန့်ရှင်းသောသောက်သုံးရေကိုရရှိရန် ဖြည့်ဆည်းပေးခဲ့သည်။

ဒေသအနှံ့ရှိပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ အလှူဒါနပြုကြသော အလှူရှင်များဖြစ်သည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်ကူညီလျက်ရှိကြသည်။

ရေသယံဇာတနှင့်ပြည့်စုံသော မြန်မာနိုင်ငံသည် ရေအရင်းအမြစ်အသုံးချရေးနှင့် စပ်လျဉ်း၍ ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ ဆွေးနွေးကျင်းပခြင်းဖြင့် အရေးကြီးသောအချက်အလက်များ ပြည့်စုံစွာရရှိနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝတစ်ခုလုံးအတွက် အကျိုးရှိစွာ အသုံးချသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)
၁၂-၃-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် (အာဋ္ဌာနာဋိယသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ ပြောပါရစေရှင် (မပြောင်းလဲတဲ့ ပြောင်းလဲခြင်း)
- ၈:၃၅ တေးပဒေသာ
- ၁၀:၀၀ သောတရှင်လိုရာတေး
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၄၀ တူယှဉ်သီကြွေး စုံတွဲတေး
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၀ လေလှိုင်းကြားက ပွဲတင်သံ
- ၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (Intermediate Level-14)
- ၁၂:၁၀ အလုပ်အကိုင် အခွင့်အလမ်း (ရသုံးမှန်းခြေစိစစ်-၂)
- ၁၂:၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇:၀၀ Music Talk (14) တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ တေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွှေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
- ၁၈:၄၅ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ ညချမ်းချိန်ခါ တေးပဒေသာ
- ၁၉:၂၅ ဇာတ်လမ်းပမာ နားဆင်စရာ (ဝေဒနာသံစဉ်ရိုင်းများ)
- ၁၉:၄၅ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဖြူသီ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၂၁:၀၀ ဆောင်းပါး (ဘဝနေနည်း) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ်နေ မောင်သောင်းဟန်အား ရည်စူး၍ ဦးတင်ညွှန့်-ဒေါ်မြရီ၊ သားမောင်ထွန်းထွန်းဦးမိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူရန် ရွှေပြား ခြောက်ကျပ်သား ၁၇ပြားအတွက် ငွေကျပ် ၅၃၀၄၀၀၀၀ကို မတ်ရရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဒေါက်တာ တင်သိန်းလွင် လက်ခံစဉ်။

(သတင်းစဉ်)

ဝန်းသိုမြို့နယ် တိုက်နယ်ပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင်နှင့် ဆေးရုံသုံးပစ္စည်းများပေးအပ်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၁၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၄ရက်က စစ်ကိုင်းတိုင်း ကသာခရိုင် ဝန်းသိုမြို့နယ် ဂျီးတောင်စံပြကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသော ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်နှင့် ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စက်ခလုတ်နှိပ်

အစီအစဉ်အရ တိုင်းကျန်းမာရေးဦးစီးမှူး၊ ရပ်မိရပ်ဖတစ်ဦးနှင့် အလှူရှင်တို့က ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်နှင့် ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆက်လက်၍ တိုင်းမှူး **(အပေါ်ပုံ)**က မှန်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူနေသောဝေဒနာရှင်လူနာများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အဆိုပါဆေးရုံ ယာယီမဏ္ဍပ်၌ကျင်းပသော ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်နှင့် ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အလှူရှင်များက ဆေးရုံ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးမှူးက လက်ခံယူခဲ့ပြီး တိုင်းမှူးက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

၂၀၀၉- ၂၀၁၀ ပညာသင်နှစ် အမက(၆)တာမွေ၌ ဖေဖော်ဝါရီ ၂၀ရက်ကကျင်းပသော ပညာရည်ချွန် ဆုပေးပွဲတွင် ဘာသာစုံနှင့် ဘာသာရပ်များ၌ ပထမဆုရ ဒုတိယတန်းမှ မရွှန်းလဲ့ဝန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စန်းက ဆုများချီးမြှင့်စဉ်။

(ပညာရေး)

မိုးသောက်ပန်းဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၁၀

မြဝတီစာပေတိုက်က အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော မိုးသောက်ပန်းဂျာနယ် မတ် ၉ရက်ထုတ် အတွဲ(၁၃)၊ အမှတ်(၆)စာစောင်တွင် ကာတွန်းတင်အောင်နီ၏ ရောင်စုံမျက်နှာ၊ ကာတွန်းသန့်စင်၏ ဘဲဥ၊ ကာတွန်းကျော်ထွဏ်း၏ မုဆိုးသိက္ခာ၊ ကာတွန်းလူကြီးမင်း၏ ကပွိယစုံထောက်ကြီးစံရှိုးနှင့် စကားဝှက်၊ ကာတွန်း သူရမိုး၏ လေဖုးရဲ့ မုဆိုးမာန၊ ကာတွန်းမြေဇာ၏ တတ်ယောင်ကားနှင့် ကဗျာကဏ္ဍတွင် မြတ်လွမ်းနောင်(ပုတီးကုန်း)၏ နွေဦးအလှ၊ အင်္ဂလိပ်စာကဏ္ဍတွင် ZCT၏ လွယ်ကူပြောကြား အင်္ဂလိပ်စကား၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ ဘီမသေနအကြောင်းနှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခုပြိုင်ပွဲများနှင့်အတူ ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ်(၁၈၁) ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်းနှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ၁၅ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းနှင့် ဖုန်း-၃၇၁၂၄၄၊ ၅၅၉၂၇၃ တို့တွင် ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသုံးစွဲလျှင်

သတိယှဉ်

အစဉ်သတိ အမြဲရှိ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွံတေးမြို့နယ် တော်သိုကျေးရွာရှိ ရန်ကုန်တောင်ပိုင်းခရိုင် နွေစပါးမျိုးသန့် စိုက်ခင်းမျိုးကွဲ စပါးပင်များ စုပေါင်းနုတ်ပယ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးနှင့် သောက်သုံးရေပြည့်ဝစွာရရှိစေရေးအတွက် ဆည်တမံများကို စဉ်ဆက်မပြတ် တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာတွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီးရှိ ခဝါချောင်းပေါ်တွင် တည်ဆောက်ထားသော ခဝါရေလှောင်တမံသည် ၁၆၁ ခုမြောက် ဆည်တမံဖြစ်သည်။

မြေသားတမံ

ခဝါရေလှောင်တမံကို ၂၀၀၄ ခုနှစ် ဇွန် ၂၅ ရက်၌ ဖွင့်လှစ်ပေးခဲ့ပြီး ရေဆင်းဧရိယာ ၁၅ ဒသမ ၅၄ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကေ ပေ ၁၄၁၄၀ရှိသည်။ တမံအမျိုးအစားသည် မြေသားတမံဖြစ်ကာ တမံအမြင့် ၇၃ ပေ၊ တမံအလျားပေ ၁၉၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကေပေ ၂၁၃၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကေပေ ၂၂၀၀၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာဧက ၁၉၅၀ဖြစ်သည်။

ခဝါရေလှောင်တမံ၏ ရေထုတ်ပြွန်ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ရေထုတ်ပြွန်မှာ အလျား ၂၁၁ပေ၊ ရေပိုလွှဲမှာအကျယ်ပေ ၃၀ဖြစ်သည်။ တူးမြောင်းမကြီးသည် အရှည်ကိုးမိုင်ရှိပြီး လက်တံမြောင်းမှာ အရှည် ၁၂ မိုင် ၇ ဖာလုံရှိသည်။ ဆည်ရေပေးဝေနိုင်သည့်ဧရိယာမှာ ဧက ၂၀၀၀ ဖြစ်သည်။ နိုင်ငံတော်၏ စေတနာမှန်ကြောင့် ပြည်နယ်နှင့် တိုင်း အသီးသီးတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပြည့်ဝစွာရရှိကာ ဒေသတွင်းစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာသည့်အပြင် တောင်သူတစ်ဦးချင်း၏ ဝင်ငွေများတိုးတက်၍ သီးနှံပင်များ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စု ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော်ရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းစစ်ဆေး

နေပြည်တော် မတ် ၁၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပရေးစာစစ်ဌာနသို့ ရောက်ရှိ၍ စာမေးပွဲရုံးခန်းအတွင်း၌ စာမေးပွဲဆိုင်ရာလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် မြန်မာစာဘာသာစစ်ဆေးရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စာဖြေခန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် နေပြည်တော်လယ်ဝေး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့သို့ သွားရောက်၍ စာမေးပွဲရုံးခန်းအတွင်း၌ စာမေးပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စာဖြေခန်းအသီးသီး၌ စာမေးပွဲဖြေဆိုနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၂၉၉ ခု၊ နိုင်ငံခြားစာစစ်ဌာန ၁၅ခု စုစုပေါင်း စာစစ်ဌာန ၁၃၁၄ခုတို့၌ ယနေ့မှစတင်၍ တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၅)မင်္ဂလာဒုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၀

အထက(၅) မင်္ဂလာဒုံ ကျောင်းသား ကျောင်းသူဟောင်းများက အသက်(၆၀)အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ ၁၉၆၇ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ယခင်အလက(၁) ယခုအထက(၅) မင်္ဂလာဒုံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသန်းထွန်းဦး (၇၇၇) ဖုန်း-၀၉-၅၀-၃၈၅၈၅၊ ဦးထွန်းဇော် ဖုန်း-၀၉-၅၅-၀၅၃၂၃၊ ဦးရဲထွဋ် ဖုန်း-၀၉-၅၁-၈၀၁၇၄၊ ဦးစိန်ဝင်း ဖုန်း- ၀၉-၈၀-၁၁၄၀၁၊ ဒေါ်ချိုနွယ်ဦး ဖုန်း-၀၉-၈၀-၂၁၄၃၉၊ ဒေါ်ကေသီလှိုင် ဖုန်း-၀၉- ၅၁-၈၇၈၇၅၊ ဒေါ်သိန်းသိန်းအေး ဖုန်း-၆၁၁-၃၄၁၊ ဦးအောင်ဇော်ဦး ဖုန်း-၀၉-၈၆-၂၂၈၈၇၊ ဦးစိုးသက်ဆွေ ဖုန်း-၀၅၄-၂၅၇၁၇၊ ဦးဇော်လင်း ဖုန်း-၀၉-၅၁-၅၅၂၈၁နှင့် ဒေါ်စံစံအောင် ဖုန်း-၀၉-၅၀-၃၅၉၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ရက် (တပ်မတော်နေ့) နံနက် ၉နာရီတွင် ယခင် အလက(၁)၊ ယခု အထက (၅) မင်္ဂလာဒုံ၌ ကျင်းပမည်ဟု သိရသည်။ ***(မြန်မာ့အလင်း)***

❐ *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပန်းလှိုင်တံတား အဆင်း ချဉ်းကပ်လမ်း၌ ဒုတိယကတ္တရာ ရေပိုက်လွှာလောင်းနေမှုကို လည်းကောင်း၊ တွံတေးတံတားကြံ့ခိုင်မှု အခြေအနေများကို လည်းကောင်း၊ လှိုင်သာယာ-ဒလကားလမ်းနှင့် ဒလ-တွံတေးကားလမ်းဆုံသို့ရောက်ရှိ၍ လမ်းကတ္တရာ ရေပိုက်လွှာလောင်းပြီးစီးမှု အခြေအနေနှင့် လမ်းဆုံကြက်လျှာကျွန်း တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသည့် ပြည်သူ့ကျန်းမာရေး အဆင့်မြှင့်တင်ရေး ပညာပေး မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် သင်တန်းသူများအား တွေ့ဆုံပြီး ပြည်သူများ ကျန်းမာရေးအဆင့်မြှင့်တင်ရေး အတွက် လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကော့မှူးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိ၍ ဆောက်လုပ်ပြီး အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်ကို လည်းကောင်း၊ တွံတေးမြို့နယ် တွံတေးမြို့ရှောင်လမ်းရှိ တာဝချောင်းကူး တံတားသို့ရောက်ရှိ၍ ဘိုးပိုင်အုတ်မြစ် လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ တွံတေးမြို့နယ် တော်သိုကျေးရွာရှိ ရန်ကုန်တောင်ပိုင်းခရိုင် နွေစပါးမျိုးသန့်စိုက်ခင်း မျိုးကွဲနုတ်ပယ်ပွဲသို့ ရောက်ရှိ၍ မျိုးကွဲ စပါးပင်များ စုပေါင်း နုတ်ပယ်နေမှုကို လည်းကောင်း၊ မြဂိုး-မအူပင်လမ်း အခြေအနေများကို လည်းကောင်း၊ အဒွန်းကျေးရွာရှိ ငါးမွေးမြူရေးကန်သို့ ရောက်ရှိ၍ ငါး မွေးမြူထားမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူက မြဂိုး-မအူပင်လမ်း မွမ်းမံပြင်ဆင်ထိန်းသိမ်းမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၁-၃-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနှာဝင်
၇:၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၄:၄၅	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅:၃၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၂၅	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၀	၁၃။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** အပိုင်း (၁၈)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ရေးဟောင်းသုတ
	၂၀။	အနုပညာရှင်၏တစ်နေ့တာ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ည်းတင်မယ့် ချင်သူရဲကောင်း** အပိုင်း (၃)
	၂၃။	သင့်အတွက်မနက်ဖြန်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၃-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အဂ္ဂဇေယမင်္ဂလံ ယဉ်ဝေယံထွန်း(တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	ဦးစိုးပြိုင်စာကြည့်တိုက်
၈:၁၅	၈။	အကပဒေသာ
၈:၃၀	၉။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	အေးမြသောလေညင်းလေးများ
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၀	၃။	အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၄:၃၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၀	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၅၀	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(မြန်မာမှုပညာ အထူးပြု)(မြန်မာမှုပညာ)
၅:၀၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅	၈။	တေးဂီတအစီအစဉ်
၅:၃၀	၉။	အတီးပြိုင်ပွဲ
၅:၄၅	၁၀။	(၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၁၆) မိုးမိုး၊ သဇင်၊ ညီထက်၊ ယုဇန၊ ဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ**(အပိုင်း-၁၇)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း)
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၈)
	၂၁။	အစီအစဉ်ပြီး၏။

ရန်ကုန်-ပုဂံ အထူးအမြန်ရထား စတင်ပြေးဆွဲခြင်းအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပြည်တွင်းပြည်ပ ခရီးသည်များအတွက် မြန်မာ့မီးရထား၏ ရန်ကုန်-ပုဂံ အထူးအမြန်ရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံ၌ ကျင်းပသည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများသည် အထူးအမြန်ရထားကို ကြည့်ရှုစစ်ဆေးကြပြီး ရထားဖြင့် လိုက်ပါကြမည့် ခရီးသည်များအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ အမှတ်(၆၁)အဆန် ရန်ကုန်- ပုဂံ အထူးအမြန်ရထားသည် ညနေ ၄နာရီတွင် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာ၍ နောက်တစ်နေ့ နံနက် ၈နာရီ တွင် ပုဂံဘူတာသို့ ရောက်ရှိမည် ဖြစ်ပြီး အမှတ် (၆၂)အစုန် ပုဂံ-ရန်ကုန် အထူးအမြန်ရထားသည် နံနက် ၈နာရီခွဲတွင် ပုဂံဘူတာမှ ထွက်ခွာ၍ ညနေ ၄နာရီခွဲတွင် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိမည် ဖြစ်သည်။

အဆိုပါ အထူးအမြန်ရထားတွင် ဒုတိယတန်းတွဲ၊ အထက်တန်းတွဲနှင့် အိပ်စင်တွဲများ ပါရှိမည်ဖြစ်သည်။ အိပ်စင် (အထူး-၁)တွဲမှာ Compartment တွဲ အမျိုးအစားဖြစ်ပြီး လေးယောက်ခန်း လေးခန်းပါရှိသည်။ အခန်းတိုင်းတွင် လေအေးပေးစက်၊ အိမ်သာသီးသန့်ပါရှိသည်။

အိပ်စင် (အထူး-၂)တွဲမှာလည်း လေးယောက်ခန်း လေးခန်းပါရှိပြီး လေအေးပေးစက်နှင့် အိမ်သာသီးသန့်ပါရှိသည့်အပြင် ရေချိုးခန်းနှင့် မီးဖိုခန်းတို့ပါ ပါရှိသည်။ အထက်တန်းတွဲမှာ လေအေးပေးစက် တပ်ဆင်ထားပြီး ထိုင်ခုံ၄၀ ပါရှိသည်။ ဒုတိယတန်းတွဲ တစ်တွဲလျှင် ထိုင်ခုံ ၆၂ ခုံပါရှိပြီး ဒုတိယတန်းတွဲ နှစ်တွဲပါရှိမည် ဖြစ်သည်။ ထို့အပြင် စားသောက်တွဲပါ ပါရှိရာ မိမိတို့သုံးဆောင်လိုသည်များကို အဆင်ပြေစွာ မှာယူစားသုံးနိုင်ရေး စီစဉ်ထားသည်။

ဝယ်ယူနိုင်

ရထားလက်မှတ်များကို နေပြည်တော်ရှိ မြန်မာ့မီးရထားရုံးချုပ် စီးပွားရေးဌာန၊ ခရီးသည်ဌာနနှင့် ရုံးပိုင်ချုပ်ကြီး ရန်ကုန်တို့ထံတွင် Booking ပြုလုပ်နိုင်ပြီး ရန်ကုန်ဘူတာကြီးနှင့် ပုဂံဘူတာတို့တွင်လည်း ဝယ်ယူနိုင်သည်။

ကမ္ဘာလှည့်ခရီးသည်များ ရန်ကုန်မှ ပုဂံသို့ ရထားဖြင့် အဆင်ပြေစွာသွားလာနိုင်ရေး စီစဉ်ထားရာ ရထားလက်မှတ်နှုန်းများမှာ နိုင်ငံခြားသားတစ်ဦးလျှင် အိပ်စင် အတွက် အမေရိကန်ဒေါ်လာ ၅၀၊ အထက်တန်းအတွက် အမေရိကန်ဒေါ်လာ ၄၀၊ ဒုတိယတန်းအတွက် အမေရိကန် ဒေါ်လာ ၃၀ သတ်မှတ်ထားသည်။ နိုင်ငံသားများအတွက် လက်မှတ်ခနှုန်းများမှာ တစ်ဦးလျှင် အိပ်စင်အတွက် ငွေကျပ် ၁၅၀၀၀၊ အထက်တန်းအတွက် ငွေကျပ် ၁၂၀၀၀၊ ဒုတိယတန်းအတွက် ငွေကျပ် ၃၀၀၀နှုန်း သတ်မှတ်ထားသည်။ ***(သတင်းစဉ်)***

အရှေ့ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၁၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ဘဂ္ဂဒက် မတ် ၁၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ်၁၀ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၅၇၃ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၅၂၀၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၅၇၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၅၂၀၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၁၀ရက် အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၆၄၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၀၀၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၆၄၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၀၀၁ ဦး

(အင်တာနက်)

အီရတ် - အာဖဂန်သတင်းများ

အီရန်သမ္မတ အာဖဂန်သို့သွားရောက်လည်ပတ်

တီဟီရန် မတ် ၁၀

အီရန်နိုင်ငံသမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် အာဖဂန်နစ္စတန်နိုင်ငံသို့ မတ် ၁၀ရက်တွင် သွားရောက်လည်ပတ်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

သွားရောက်

အဆိုပါခရီးစဉ်သည် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း စတင်တာဝန်ယူချိန်ကတည်းက ပထမအကြိမ်သွားရောက်ခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သတင်းထောက်များအား ပြောကြားသည်။

ဆွေးနွေးမည်

အီရန်သမ္မတ အာဖဂန်သို့ ရောက်ရှိစဉ် နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ **(အင်တာနက်)**

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၇ရက်က တွေ့ရစဉ်။ (ယင်းပေါက်ကွဲမှုကြောင့် ၂၆ဦး သေဆုံးသည်။) **(အင်တာနက်ဓာတ်ပုံ)**

အမေရိကန်ကာကွယ်ရေးဝန်ကြီး အာဖဂန်နစ္စတန်သို့ ရောက်ရှိ

ကဘူးလ် မတ် ၁၀

အမေရိကန်ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်သည် တာလီဘန်တို့အား ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ သူ၏ ဗိုလ်ချုပ်ကြီးများထံမှ အသေးစိတ်တင်ပြချက်များကို ကြားနာနိုင်ရန် ကဘူးလ်မြို့သို့ မတ်၈ရက်က ရောက်ရှိလာသည်။

အနာဂတ်ကာလတွင် အလွန်ခက်ခဲသည့် အခြေအနေများနှင့်ရင်ဆိုင်ရမည်ဆိုသည်ကိုလည်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက သတိပေးပြောကြားသည်။

အကယ်၍ အီရန်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တို့၏ စစ်ရေးကြိုးပမ်းမှုများကိုဖြိုခွင်းရန် စတင်ကြိုးစားလာမည်ဆိုပါက အမေရိကန်နိုင်ငံက တုံ့ပြန်ဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ ထိုအခြေအနေမျိုး တစ်စုံတစ်ရာ မတွေ့ရှိရသေးကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက အီရန်နိုင်ငံကို ရည်ညွှန်းပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂိတ်အနေဖြင့် သမ္မတအိုဘားမားက အာဖဂန်သို့ တပ်ဖွဲ့ဝင်၃၀၀၀၀စတင်တိုးမြှင့် စေလွှတ်ခဲ့ချိန်မှစ၍ ယခုအကြိမ်သည် အာဖဂန်နစ္စတန်သို့ ပထမဦးဆုံး သွားရောက်လည်ပတ်ခြင်းဖြစ်သည်။

ထိုးဖောက်ဝင်ရောက်

လောလောဆယ်တွင် တာလီဘန်တို့အား အောင်ပွဲဆင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တာလီဘန်တို့ခြေကုပ်ယူထားသော မာဂျာမြို့ကို ထိုးဖောက်ဝင်ရောက်ကာ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အာဖဂန် အရှေ့ပိုင်း၌ အကြမ်းဖက်သမားများ ပစ်ခတ်

ကဘူးလ် မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်ရှိ အစိုးရအဆောက်အအုံအနီး၌ မတ် ၈ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အာဖဂန်ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများနှင့် အပြန်အလှန်ပစ်ခတ်မှု ထပ်မံဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်

ထိုအဆောက်အအုံမှာ ရဲစခန်းဖြစ်သည်ဟုယူဆရပြီး အကြမ်းဖက်သမားများက စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် အဆက်မပြတ်ပစ်ခတ်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များ အခင်းဖြစ်ရာသို့ ချက်ချင်းရောက်ရှိလာပြီး တိုက်ပွဲဖြစ်ပွားခြင်း ဖြစ်သည်ဟုဆိုသည်။

အဆိုပါပစ်ခတ်မှုများအတွင်း သေကျေပျက်စီးမှုမဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အပြင်ဘက် ဂျလာလာဘတ်ဒေသ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား တပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်နေသည်ကို မတ် ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်တောင်ပိုင်း စစ်ဆင်ရေး တာလီဘန်ခုနစ်ဦး သေဆုံး

ကဘူးလ် မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်းပြည်နယ်၌ အာဖဂန်နှင့် နေတိုးဦးဆောင်သည့်တပ်ဖွဲ့ဝင်များ ပူးတွဲစစ်ဆင်ရေး ဆင်နွှဲရာ တာလီဘန်စစ်သွေးကြွခုနစ်ဦး သေဆုံးကြောင်း အမည်မဖော်လိုသည့် ဒေသခံတာဝန်ရှိသူတစ်ဦးက မတ် ၇ရက်၌ ပြောကြားသည်။

သေဆုံး

ဒက်ချ်ပန်ခရိုင်အတွင်း မတ် ၆ရက်က စစ်သွေးကြွများချေမှုန်းရေးစစ်ဆင်မှုတွင် ဒေသခံတပ်မှူးတစ်ဦးအပါအဝင် တာလီဘန်စစ်သွေးကြွခုနစ်ဦး သေဆုံးသွားခြင်းဖြစ်သည်။

အတည်ပြု

ထိုအတောအတွင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူဟုယူဆရသော ကရီယူစွပ်အမာဒီက တိုက်ပွဲအတွင်း၌ စစ်သွေးကြွငါးဦးနှင့် အရပ်သားနှစ်ဦးသေဆုံးကြောင်း အတည်ပြုပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အယ်လ်ခိုင်ဒါ ခေါင်းဆောင်လေးဦး အီရတ်လုံခြုံရေးတပ်ဖွဲ့ ဖမ်းဆီး

ဘာကူဘာ မတ် ၁၀

အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်၌ အယ်လ်ခိုင်ဒါဒေသဆိုင်ရာ ခေါင်းဆောင်လေးဦးအား မတ် ၆ရက်က ဖမ်းဆီးလိုက်ကြောင်း၊ အီရတ်နိုင်ငံ မြို့တော်အနောက်ပိုင်း၌ အသေခံဗုံးခွဲသူတစ်ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒီယာလာပြည်နယ် မြို့တော် ဘာကူဘာ မြောက်ဘက် ၅၅ကီလိုမီတာခန့်အကွာ ကျေးရွာတစ်ရွာတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များက အယ်လ်ခိုင်ဒါ စစ်သွေးကြွအုပ်စု ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆာလင်မိုဟာမက်ဇီဒင်နှင့် နောက်လိုက်နှစ်ဦးတို့ကို ဖမ်းဆီးလိုက်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဇီဒင်သည် အီရတ်ပြည်သူ အများအပြားကို ကွပ်မျက်ရန် အမိန့်ပေးရာတွင် ပါဝင်ခဲ့သည်ဟု ယူဆရကြောင်း သူ၏နောက်လိုက်တစ်ဦးကမူ သတ်ဖြတ်ခံရသူများ၏ ဦးခေါင်းကိုဖြတ်ရာ၌ ပါဝင်သူဖြစ်ကြောင်းလည်း ပြောကြားသည်။

ဖမ်းဆီး

သီးခြားဖြစ်ရပ်တစ်ရပ်တွင် အီရတ်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ၆၅ကီလိုမီတာအကွာ ဘာကူဘာမြို့တောင်ပိုင်းဘူရှုဇ်မြို့အပြင်ဘက် ကျေးရွာတစ်ရွာရှိ နေအိမ်ဟောင်းတစ်အိမ်၌ ဒေသဆိုင်ရာ အယ်လ်ခိုင်ဒါ စစ်သွေးကြွခေါင်းဆောင်တစ်ဦးဖြစ်သူ အဘူဟမ်ဇာအား ဖမ်းဆီးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၄၃၈၂ဦး ရှိသွားပြီဟု ထုတ်ပြန်ကြေညာ

ဘဂ္ဂဒက် မတ် ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ယာဉ်မတော်တဆဖြစ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း မတ် ၉ရက်တွင် အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ကြေညာသည်။

ဖော်ပြ

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ အသေးစိတ်အကြောင်းရင်းကို မသိရှိရသေးကြောင်းနှင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

၂၀၀၃ခုနှစ်မှစတင်ကာ အီရတ်သို့ အမေရိကန်နှင့်အပေါင်းပါများဝင်ရောက်ကတည်းက အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၃၈၂ဦး ရှိသွားပြီဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကန္ဒါဟာ လေကြောင်းတိုက်ခိုက်မှု တာလီဘန် ၁၅ဦးသေဆုံး

ကန်ဒါဟာ မတ် ၁၀

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ တာလီဘန်စစ်သွေးကြွများ စတင်ခြေကုပ်ယူရာဒေသဖြစ်သည့် ကန်ဒါဟာပြည်နယ် မင်ရှန်ဒေသ၌ မတ် ၈ရက်က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် တာလီဘန် ၁၅ဦး သေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

နေတိုးဦးဆောင်သော တပ်ဖွဲ့နှင့် အာဖဂန် တပ်ဖွဲ့များပူးပေါင်းသည့် အဆိုပါလေကြောင်း စစ်ဆင်ရေးအတွင်း အရပ်သားများ သေဆုံးမှုမရှိကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ပြုလုပ်

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်သည် လွန်ခဲ့သည့်ရှစ်နှစ်တာကာလကတည်းက တာလီဘန်စစ်သွေးကြွများ အခိုင်အမာတည်ရှိရာဒေသဖြစ်ပြီး ယင်းဒေသကို အဓိက စစ်ဆင်ရေး တိုက်ပွဲများ ပြုလုပ်လျက်ရှိ သည်။

ယခုနှစ်ဖေဖော်ဝါရီ ၁၃ရက်မှစတင်ကာ ဟယ်လ်မန်းပြည်နယ်၌ နေတိုးတပ်ဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့ဝင် ၁၅၀၀၀ခန့်ပါဝင်သည့် ထိုးစစ်အတွင်း စစ်သွေးကြွ ၁၂၀ကျော် သေဆုံးခဲ့သည်။ အမ်အင်န်အေ၊ဆင်ဟွာ

စမ်းသပ်ပစ်လွှတ်

အီရန်နိုင်ငံမှထုတ်လုပ်သည့် ခရုဇ်ဒုံးပျံကို ပါရှန်ပင်လယ်ကွေ့၌ မတ် ၉ရက်ကစမ်းသပ်ပစ်လွှတ်စဉ်။

(အင်တာနက်ဓာတ်ပုံ)

ယူဂန္ဒာနိုင်ငံ၌ မြေပြိုမှုနှင့် ရေလွှမ်းမှုအန္တရာယ် ပြည်သူ ၅၀၀၀၀၀ ကျော် ကြုံတွေ့နေရ

ကမ်ပါလာ မတ် ၁၀

ယူဂန္ဒာနိုင်ငံအရှေ့ပိုင်းနှင့်အနောက်ပိုင်း တောတောင်ထူထပ်ရာဒေသများ၌ နေထိုင်သူ ၅၀၀၀၀၀ကျော်သည် ယင်းတို့၏ပတ်ဝန်းကျင်တွင် မြေပြိုမှုနှင့် ရေလွှမ်းမှုအန္တရာယ်များ ကျရောက်သည့် အခြေအနေနှင့်ကြုံတွေ့နေကြရကြောင်း ယူဂန္ဒာအစိုးရအရာရှိတစ်ဦးက ကမ်ပါလာမြို့၌ မတ်၉ရက်တွင် ပြောကြားသည်။

အကြီးမားဆုံး

ယူဂန္ဒာနိုင်ငံအနောက်ပိုင်း ရဝမ်ဇိုရီတောင်နှင့် တောတောင်ဒေသများအပါအဝင် ယူဂန္ဒာနိုင်ငံအရှေ့ပိုင်း အီလ်ဂွန်တောင်တန်းဒေသများတွင် ယင်းအန္တရာယ်အကြီးမားဆုံးဖြစ်နေကြောင်း ယူဂန္ဒာနိုင်ငံ ကယ်ဆယ်ရေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးက ပြောကြားသည်။

ပြောကြား

အဆိုပါ မြေပြိုမှုနှင့် ရေလွှမ်းမှုအန္တရာယ်များ ကျရောက်သည့် အခြေအနေများနှင့် ရင်ဆိုင်နေရသော ဒေသတွင်နေထိုင်သည့် စုစုပေါင်းလူဦးရေသည် ၅၀၀၀၀၀ ထက်မနည်း ရှိနိုင်သည်ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒုတိယမြောက် နိုင်ငံတကာလေဆိပ် နီပေါ၌ တည်ဆောက်သွားမည်

ခတ္တမန္ဒူ မတ် ၁၀

ဟိမဝန္တာတောင်ခြေရှိ နီပေါနိုင်ငံသည် နီပေါကမ္ဘာလှည့်ခရီးသွားနှစ် ၂၀၁၁ အောင်မြင်ရေးအတွက် လုံးပန်းနေချိန်ဖြစ်၍ ကြိုတင်ပြင်ဆင်မှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

နားလည်မှုစာချွန်လွှာ

နီပေါနိုင်ငံသည် လေကြောင်းခရီးဆက်သွယ်မှုနှင့် ပိတ်ဆို့မှုဆိုင်ရာ စိန်ခေါ်မှုများရှိနေသည့်အားလျော်စွာ တောင်ကိုရီးယားအခြေစိုက် နိုင်ငံတကာပုံစံထုတ်လုပ်ရေးနှင့် တည်ဆောက်ရေးကုမ္ပဏီတစ်ခုဖြစ်သော လင်းမတ်ဝါးလ်ဝိုက်ကုမ္ပဏီနှင့် နီပေါကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ(အမ်အိုယူ)တစ်ရပ်ကို ချုပ်ဆိုသည်။

တင်ပြခွင့်ပေး

ယင်းနားလည်မှုစာချွန်လွှာအရ အဆိုပါတောင်ကိုရီးယားကုမ္ပဏီသည် နီပေါနိုင်ငံက အဆိုပြုထားသော ဒုတိယမြောက် နိုင်ငံတကာလေဆိပ်ဆိုင်ရာ ဖြစ်နိုင်ခြေအသေးစိတ်လေ့လာမှုများ (ဒီအက်ဖ်အက်စ်)ကို ၂၀၁၁ခုနှစ် ဇန်နဝါရီလမတိုင်မီ တင်ပြခွင့်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ တင်နက်စီပြည်နယ် နက်ရှ်ဗေးမြို့၌ လောင်စာဆီတင်ယာဉ် မီးလောင်မှုဖြစ်ပွားသည်ကို မတ် ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကာဗွန်ဒိုင်အောက်ဆိုက် သိမ်းဆည်းသိုလှောင်ရေး မလေးရှားနှင့်နော်ဝေ ပူးပေါင်းဆောင်ရွက်

ကွာလာလမ်ပူ မတ် ၁၀

ကာဗွန်ဒိုင်အောက်ဆိုက် သိမ်းဆည်းသိုလှောင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်းခုနစ်ခုကို ပူးပေါင်းဆောင်ရွက်သွားရန်အတွက် မလေးရှားနှင့် နော်ဝေအစိုးရတို့ မတ် ၉ရက်က နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

လက်မှတ်ရေးထိုး

အဆိုပါ စီမံကိန်းခုနစ်ခု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို မလေးရှား ပီထရွန်နက်စ် နည်းပညာတက္ကသိုလ်အပါအဝင် နော်ဝေ စတာဗန်ဂါ တက္ကသိုလ်နှင့် ဘာဂန်တက္ကသိုလ်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါရှန်ပင်လယ်ကွေ့လုံခြုံရေး အီရန်နှင့်ကာတာ ပူးပေါင်း

တီဟီရန် မတ် ၁၀

အီရန်နှင့်ကာတာ နှစ်နိုင်ငံအနေဖြင့် ပါရှန်ပင်လယ်ကွေ့အတွင်း လုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးသည်။

အဆိုပါသဘောတူညီမှုကို ကာတာနိုင်ငံ ဒိုဟာမြို့၌ နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးတို့ မတ် ၉ရက်တွင် လက်မှတ်ရေးထိုးကြောင်း အီရန်မီဒီယာများက ဖော်ပြသည်။

(အင်တာနက်)

အင်ဒိုနီးရှားနှင့်ဂျပန်နီးယား စီးပွားရေးပူးပေါင်း ဆောင်ရွက်မည်

ဂျကာတာ မတ် ၁၀

အင်ဒိုနီးရှားနှင့် ဂျပန်နီးယားအစိုးရတို့အနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံများနှင့်စပ်လျဉ်းသည့်ကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မတ် ၉ရက်တွင် ထုတ်ဖော် ပြောကြားသည်။

ပြောကြား

နှစ်နိုင်ငံအစိုးရများသည် လာမည့်နှစ်အတွင်း၌ အရေးပါသည့် အစည်းအဝေးတစ်ခုကျင်းပရန် ဆုံးဖြတ်ထားပြီး အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြည်တွင်းအခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိကြောင်းနှင့် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခုနစ်ရာခိုင်နှုန်းရောက်ရှိမည်ဟု မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန အမေရိကနှင့်ဥရောပဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ရီနိုအယ်လ်ပီမာဆူဒီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၌ ရထားနှင့်ကားတိုက် ခြောက်ဦးသေဆုံး

နယူးဒေလီ မတ် ၁၀

အိန္ဒိယနိုင်ငံ စန်ပါခရိုင်၌ မတ် ၉ရက်က ရထားတစ်စင်းနှင့် နောက်တွဲယာဉ်တစ်စီးတိုက်မိသဖြင့် ခြောက်ဦးထက်မနည်းသေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိကြောင်း အင်ဒို-အာရှသတင်းဌာနက ထုတ်လွှင့်သည်။

ဝင်တိုက်ခဲ့

လက်စ်နောင်းမြို့မှ ကီလိုမီတာ ၈၀ခန့်အကွာတွင်ရှိသော ရှီဗာရာမြို့လမ်းဆုံ၌ ခရီးသည် ၂၅ဦးခန့်လိုက်ပါလာသော မော်တော်ယာဉ်ကို ခရီးသည်တင်ရထားက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

စပိန်ပြည်နယ်၁၃ခု၌ ရာသီဥတုဆိုးရွားနေ

စပိန်နိုင်ငံ ပြည်နယ် ၁၃ ခုတို့တွင် အအေးလှိုင်းကျရောက်လျက်ရှိပြီး လေပြင်းတိုက်ခတ်ကာဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိကြောင်း၊ ၎င်းသည် ၂၅နှစ်အတွင်း အဆိုးရွားဆုံးဖြစ်ပြီး ဘာစီလိုနာ၊ ဂျီရိုနာ၊ တာရာဂိုနာနှင့် ဘာလီရာရစ်ပြည်နယ်များတွင် ဆီးနှင်းပိုမိုကျဆင်းခဲ့ကြောင်း စပိန်အရာရှိများက မတ် ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်အနောက်မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

တရုတ်အနောက်မြောက်ပိုင်း ရှန်စီပြည်နယ် ကျီကျို့ရွာတွင် မတ် ၁၀ရက်က မြေပြိုမှုဖြစ်ပွားရာ အိမ်၁၀လုံးပျက်စီးပြီး သုံးဦးသေဆုံးကာ လူ၂၀ ပျောက်ဆုံးလျက်ရှိကြောင်း တရုတ်ရဲတပ်ဖွဲ့က မတ် ၁၀ရက်၌ ပြောကြားသည်။

ယီမင်ဆိပ်ကမ်း၌ သင်္ဘောတိုက်မှုဖြစ်ပွား

ယီမင်နိုင်ငံအနောက်ပိုင်း ပင်လယ်နီရှိ အယ်ဟိုဒေးဒါဆိပ်ကမ်းတွင် ဂျာမနီကုန်တင်သင်္ဘောတစ်စင်းနှင့် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သင်္ဘောတစ်စင်းတို့ မတ်၁၀ရက်က မတော်တဆတိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ဆိုးဆိုးရွားရွားထိခိုက်မှု မရှိကြောင်း ယီမင်ဆိပ်ကမ်းအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းအနည်းငယ်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိရာ နယူးယောက်မြို့ဈေးကွက်၌ မတ် ၁၀ရက် ဈေးပိတ်ချိန်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ဒသမ၁၆ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

နီပေါအရှေ့ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

နီပေါနိုင်ငံအရှေ့ပိုင်း ဘီလ်ဂါချီယာမြို့တွင် မတ် ၁၀ရက်နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း နီပေါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပီရူးနိုင်ငံ ကိုစနီပါတာမြို့အနီး၌ မြေပြိုမှုဖြစ်ပွား

ပီရူးနိုင်ငံမြို့တော် လီမာအရှေ့တောင်ဘက် ကီလိုမီတာ ၁၃၀၀ခန့်အကွာ ကိုစနီပါတာမြို့အနီး မာနူအမျိုးသားဥယျာဉ်သို့အသွား အဝေးပြေးကားလမ်း၌ မတ် ၁၀ရက်နံနက်က မြေပြိုမှုဖြစ်ပွားရာ ကမ္ဘာလှည့်ခရီးသွားဘတ်စ်ကားများ ပိတ်နေသဖြင့် ရဟတ်ယာဉ်အသုံးပြုကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပီရူးအရာရှိများက ပြောကြားသည်။

ဆိုးလ်မြို့တော်၌ ဂျီ -၂၀ အစည်းအဝေးကျင်းပမည်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ လာမည့်နိုဝင်ဘာလတွင် ဂျီ-၂၀ စီးပွားရေးဝန်ကြီးများ၏ ထိပ်သီးအစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက မတ် ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

ဘာလင်မြို့၌ ကမ္ဘာ့ခရီးသွားကုန်သွယ်မှုပြပွဲခင်းကျင်း

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် မတ် ၁၀ရက်မှစတင်ကာ ကမ္ဘာ့ခရီးသွားကုန်သွယ်မှုပြပွဲကို စတင်ကျင်းပကြောင်း၊ ယင်းပြပွဲကို နိုင်ငံတကာခရီးသွားဗျူရိုနှင့် ဂျာမနီခရီးသွားလုပ်ငန်းတို့က ပူးတွဲကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အကြီးကျယ်ဆုံး ခရီးသွားကုန်သွယ်မှုပြပွဲဖြစ်ကြောင်း ဂျာမနီခရီးသွားလုပ်ငန်းအရာရှိများက ပြောကြားသည်။

ဘယ်လ်ဂျီယံနိုင်ငံ မွန်းစ်မြို့၌ ရထားလမ်းချော်

ဘယ်လ်ဂျီယံနိုင်ငံ မွန်းစ်မြို့တွင် မတ် ၁၀ရက် နံနက်က ခရီးသည်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ၁၈ဦးသေဆုံးပြီး လူ ၁၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ရထားလုပ်ငန်းအရာရှိများက ပြောကြားသည်။

(အောက်ပုံ) (အင်တာနက်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၀

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက နေပြည်တော်ရှိ တည်းခိုရေးစခန်း (ရွာတော်) စစ်ရေးပြကွင်း၌ကျင်းပရာ (၆၅)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (၆၅) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြ မှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်း အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများသည် စစ်ရေးပြကွင်းသို့ ချီတက်နေရာယူကြပြီး (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းအား အလေးပြုကြသည်။

ရွတ်ဆို

ယင်းနောက် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းသည် ၂၀၁၀ခုနှစ် (၆၅) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ၌ တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့အား ဒိုင်းဆုများကိုပေးအပ်ချီးမြှင့်ပြီး ဆုရ စစ်တီးဝိုင်းအဖွဲ့များ၏ သရုပ်ပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း (၆၅) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းပေါင်းစုံ ဘက်စုံ ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို အထက(၁) သီရိရတနာခန်းမ၌ ဖေဖော်ဝါရီ ၂၁ရက်က ကျင်းပရာ အမက(၂၆) စတုတ္ထတန်းမှ အင်္ဂလိပ်စာစွမ်းရည်ဆုရရှိသူ မခင်စန္ဒီထွန်းအား မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာဆွေက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၁၀၀)

အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာဟောပြောပွဲ

ရန်ကုန် မတ် ၁၀

ခင်မောင်ညို(ဘောဂဗေဒ)နှင့် ပါမောက္ခများက အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ရေးဟောပြောပွဲကို မတ် ၁၃ရက်နှင့် ၁၄ရက်တို့တွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ယုဇနတာဝါ ၁၀လွှာ အခန်းအမှတ် (၁၀၀၉)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စား တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁-၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဃ်္ဃန်းကျွန်းမြို့နယ် အမက(၂၃) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ကျင်းပရာ တတိယတန်းမှ တတိယဆုရ မချောစုရည်လင်းအား ကျောင်းအုပ်ဆရာကြီး ဦးကိုကိုအောင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

Queen Oramin-F အလှကြေရီ ရွေးချယ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

A A Medical Products Ltd. က တင်သွင်းဖြန့်ချိသော Oramin-F အဆင့်မြင့် အားဆေးမှ ကြီးမှူးကျင်းပသည့် Queen Oramin-F အလှကြေရီ ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၂၅ရက်ညနေပိုင်းက ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် Queen Oramin-F ရွေးချယ်ပွဲအတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြိုင်ပွဲဝင် ၃၀၀ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆန်ခါတင် ၂၉ဦးကို ရွေးချယ်ခဲ့သည်။

ယင်းဆန်ခါတင် ၂၉ဦးအနက်မှ Queen Oramin-F အလှကြေရီဆုကို ချမ်းမီမီကိုက ရရှိပြီး ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ First Runner up ဆုကို ဂျူးဂျူးကေကရရှိပြီး ဂုဏ်ပြုဆုငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ Second Runner up ဆုကို သဇင်ထူးနိုင်ကရရှိပြီး ဂုဏ်ပြုဆုငွေကျပ်လေးသိန်းကိုလည်းကောင်း၊ Oramin-F ၏ Miss Photogenic ဆုကို ခြူးသက်နွယ်ကရရှိပြီး ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ Miss Personality ဆုကို ဝင့်ဒါလီထွန်းကရရှိပြီး ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ Best Complexion ဆုကို နိုနိုကေကရရှိပြီး ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းနှင့် Best Costume ဆုကို သွယ်မေထက်ကရရှိပြီး ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း ရရှိသွားကြကြောင်း သိရသည်။

ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနားတွင် ကိုရီးယားနိုင်ငံ Daewon Pharm Co., Ltd.မှ President Mr. Back က အဖွင့်အမှာစကားပြောကြားပြီး A A Medical Products Ltd.မှ Managing Director ဦးဇော်မိုးခိုင်က Oramin-F အဆင့်မြင့်အားဆေးတွင် Royal Jelly Vitamin-E ကိုရီးယားဂျင်ဆင်း၊ တစ်နေ့တာအတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်တို့ ပါဝင်ခြင်းကြောင့် အသားအရေ စိုပြည်ဝင်းမွတ်ချောမွေ့စေခြင်း၊ Anti-Aging Effect ရှိခြင်းကြောင့် အရေးအကြောင်းကင်း၍ နုပျိုစေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

ပြည်သူလူထုအတွင်း စိတ်ပူပန်မှုများ၊ မငြိမ်သက်မှုများ၊ ဆူပူမှုများ ဖြစ်ပွားပေါ်ပေါက်စေရေးအတွက် သွေးခွဲ သပ်လျှို လုပ်ကြံဖန်တီးသတင်းများဖြင့် လှုံ့ဆော်သွေးထိုးမှုများ အရှိန်မြှင့် လုပ်ဆောင်လျက်ရှိ

ပြည်သူများအနေဖြင့် မသမာသူအဖျက်သမားများ၏ လုပ်ကြံကောလာဟလသတင်းများကို နားမယောင်ကြရန်နှင့် ထိုသို့ လုပ်ကြံဖန်တီး ထုတ်လွှင့်နေသူများအား မှတ်သားပြီး သတင်းပေးပို့ကြရန် သက်ဆိုင်ရာကနှိုးဆော်

နေပြည်တော် မတ် ၁၀

ယနေ့အချိန်အခါတွင် ရရှိထားပြီးဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်လည်းကောင်း၊ ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများနှင့် မငြိမ်သက်မှုများ ဖြစ်ပွားပေါ်ပေါက်စေရန်လည်းကောင်း ရည်ရွယ်၍ မသမာသူအဖျက်သမားများက အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကောလာဟလသတင်း လုပ်ကြံဖန်တီးထုတ်လွှင့်ခြင်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်ပွားခဲ့ခြင်းမရှိ

ဖေဖော်ဝါရီ ၂၅ရက်က မော်တော်ဆိုင်ကယ်စီးသူတစ်ဦးသည် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ Yangon Pan Pacific အထည်ချုပ်စက်ရုံ၌ အလုပ်သမားများ အစာအဆိပ်သင့်ပြီး ဆေးရုံတင်ထားရသည်ဟု ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရှမ်းတဲကြီးကျေးရွာနှင့် လေးထောင့်ကန်ကျေးရွာတို့၌ လိုက်လံပြောဆိုခဲ့ကြောင်း၊ ယင်းလုပ်ကြံသတင်းကြောင့် အထည်ချုပ်စက်ရုံ အလုပ်သမားများနှင့် သက်ဆိုင်သူ မိဘဆွေမျိုးသားချင်း ၁၀၀နီးပါးခန့်သည် သဃ်္ဃန်းကျွန်းစံပြဆေးရုံသို့ သွားရောက်စုံစမ်းခဲ့ကြကြောင်း၊ ဆေးရုံတွင် အစာအဆိပ်သင့်လူနာများ ရောက်ရှိလာခြင်းမရှိကြောင်း သိရှိရသည့်အခါ စက်ရုံသို့ ဆက်လက်သွားရောက်ခဲ့ကြကြောင်း၊ စက်ရုံတာဝန်ရှိသူများက အစာအဆိပ်သင့်ဖြစ်စဉ်အပါအဝင် မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်းမရှိပါကြောင်း ရှင်းလင်းပြောပြပြီး သက်ဆိုင်ရာ အလုပ်သမားများကို မိဘဆွေမျိုးများနှင့် တွေ့ဆုံပေးခဲ့ကြောင်း၊ ယင်းသို့ တွေ့ဆုံပြီးနောက် သက်ဆိုင်ရာမိဘဆွေမျိုးသားချင်းများ စိတ်အေးချမ်းသာစွာ ပြန်သွားခဲ့ကြသော်လည်း ၄င်းလုပ်ကြံသတင်းမှာ ဆက်လက်ကျယ်ပြန့်သွားပြီး အခြားအလုပ်သမားများ၏ မိဘဆွေမျိုးများလည်း တဖွဲဖွဲ လာရောက်စုံစမ်း မေးမြန်းခဲ့ကြကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက စက်ရုံဂိတ်ပေါက်မှ စောင့်ကြိုလျက် အခြေအနေမှန်များကို ရှင်းပြပေးခဲ့ရကြောင်း။

အေးချမ်းစွာအလုပ်လုပ်လျက်ရှိ

အလားတူ ဖေဖော်ဝါရီ ၂၆ရက်တွင်လည်း မင်္ဂလာဒုံမြို့နယ် Daewoo အထည်ချုပ်စက်ရုံ၌ အလုပ်သမားကြိုပို့မော်တော်ယာဉ် တိမ်းမှောက်သဖြင့် အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတင်ထားရသည်ဟု ဆိုက်ကားသမားတစ်ဦးက မြောင်းတကာကျေးရွာအတွင်း လှည့်လည်ပြောဆိုခဲ့ကြောင်း၊ ယင်းလုပ်ကြံသတင်းကြောင့် စက်ရုံသို့ ဖုန်းဆက်စုံစမ်းမှုများ ရှိခဲ့သည့်အပြင် မိဘဆွေမျိုးများ လာရောက်စုံစမ်း မေးမြန်းမှုများလည်းရှိခဲ့ကြောင်း၊ ဖြစ်စဉ်အမှန်မှာ မည်သည့် ယာဉ်တိမ်းမှောက်မှုမျှမရှိဘဲ အလုပ်သမားများ အေးချမ်းစွာ အလုပ်လုပ်လျက် ရှိကြကြောင်း။

ထို့ပြင် ထိုနေ့၌ပင် အဆိုပါ Daewoo အထည်ချုပ်စက်ရုံ၌ ရေအဆိပ်သင့်ပြဿနာဖြစ်နေသည်ဟု ဆိုင်ကယ်စီးသူတစ်ဦးက လှည်းကူးမြို့နယ် ညောင်တစ်ခြမ်းကျေးရွာနှင့် သရက်ပင်ချောင်ကျေးရွာတို့၌ လှည့်လည်ပြောဆိုခဲ့ကြောင်း၊ ယင်းလုပ်ကြံသတင်းကြောင့်လည်း အလုပ်သမားများ၏ မိဘဆွေမျိုးသားချင်းများ စိတ်ပူပန်လျက် စက်ရုံသို့ လာရောက်စုံစမ်း မေးမြန်းမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက အခြေအနေမှန်များကို ရှင်းပြပေးခဲ့ရကြောင်း သတင်းများရရှိခဲ့သည်။

လုပ်ကြံဖန်တီးထုတ်လွှင့်

မသမာသူ အဖျက်သမားများအနေဖြင့် ပြည်သူလူထုအတွင်း၊ အထူးသဖြင့် အလုပ်သမားထုအတွင်း စိတ်ပူပန်မှုများ၊ မငြိမ်သက်မှုများ၊ ဆူပူမှုများ ဖြစ်ပွားပေါ်ပေါက်စေရေးအတွက် သွေးခွဲ သပ်လျှို လုပ်ကြံဖန်တီးသတင်းများဖြင့် လှုံ့ဆော်သွေးထိုးမှုများ အရှိန်မြှင့် လုပ်ဆောင်လာကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် မသမာသူအဖျက်သမားများ၏ လုပ်ကြံကောလာဟလသတင်းများကို နားမယောင်ကြရန်နှင့် ထိုသို့ လုပ်ကြံဖန်တီး ထုတ်လွှင့်နေသူများအား မှတ်သားပြီး တာဝန်ရှိသူများထံ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေလီ(၃) ရေလှောင်တမံ၏ လျှာထားတမံအုတ်ကြောင်း တိုင်းတာဆောင်ရွက်မှု

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၇ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွှေလီ(၃) ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

စီမံကိန်း ယာယီရှင်းလင်းဆောင်၌ အမှတ်(၂) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက စီမံကိန်း ချဉ်းကပ်လမ်းများဖြစ်သော တွင်းငယ်-မိုးမိတ်လမ်းပိုင်း ပြုပြင်ပြီးစီးမှု၊ တမံနေရာသို့ ချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှု၊ ကျောက်တောင်ရှာနှင့် တမံနေရာ လမ်းပိုင်းပြုပြင်နေမှု၊ မန္တလေး ဝါးဖြူတောင်-မိုးမိတ်လမ်း၊ မိုးမိတ်နှင့် ရွှေလီ(၃) တမံနေရာကြားလမ်းပေါ်ရှိ တံတားများ ခံနိုင်ဝန်အခြေအနေ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း အခြေစိုက်စခန်းများ တည်ဆောက်မည့်နေရာ၊ ရွှေလီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ၏ အခြေအနေ၊ ရေအားလျှပ်စစ် အဆောက်အအုံ ဖြတ်ပိုင်းပုံအခြေအနေ၊ လျှာထားတမံ ရွေးချယ်ထားမှု၊ တမံအုတ်ကြောင်း တိုင်းတာဆောင်ရွက်ထားမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များ နှိုင်းယှဉ်မှုအခြေအနေတို့ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ဘူမိ) ဦးကျော်ငြိမ်းက စီမံကိန်းဧရိယာ အခြေခံ ဘူမိဗေဒအခြေအနေနှင့် တမံ၏ Plan View ဘူမိဗေဒအခြေအနေ၊ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေနှင့် မြေစမ်းကျင်း၊ စိန်လွန်တွင်းတူး၍ အောက်ခံကျောက်သားအခြေအနေ လေ့လာထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီးနောက် တမံ၏ ဝဲဘက်ကမ်းရှိ ရှုရပ်မှ လျှာထားတမံအုတ်ကြောင်း တိုင်းတာဆောင်ရွက်ထားရှိမှုနှင့် တမံဝဲဘက်ကမ်း စိန်လွန်တွင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း မိုးမိတ်မြို့နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော်မည့် ရွှေလီ(၃) ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဝင်းယ-ကန်တန်ကျေးလက် ကျောက်ချောလမ်း အရှည် ၁ ဒသမ ၅မိုင် × အကျယ် ၁၀ပေ လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးရဲကြည်မြင့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ဖြစ်ပွားမှု ကာကွယ်ရေး နှိုးဆော်ချက်

တုပ်ကွေးရောဂါလက္ခဏာဖြစ်ပွားပါက-

(၁) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
(၂) ရောဂါမကူးစက်စေရန် နှာခေါင်းနှင့် ပါးစပ်ကို လုံအောင်ဖုံးအုပ်သည့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊
(၃) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
(၄) လူထူထပ်သော နေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၅) နေအိမ်တွင် အနားယူ၍ စနစ်တကျ ပြုစုကုသမှုခံယူခြင်းတို့ကို ပြုလုပ်ရပါမည်။

အဖျားကြီးလွန်းခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ သတိလစ်ခြင်းစသည့် ရောဂါပြင်းထန်သောလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူရပါမည်။ **ကျန်းမာရေးဝန်ကြီးဌာန**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **တရားအစွမ်းအံ့မခန်းဒေသနာ** တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၆)
- ၈:၃၀ Sports World (Figure Skating Championships)(Part-2)
- ၈:၅၅ Activities in the City 547 Trading မှကျင်းပသော အထူးဈေးရောင်းပွဲတော် - အိုဘီမင်မိတ်ဆုံစားပွဲ
- ၉:၂၀ ဂျူရဲအိုင်ဒီယာ၏ သမိုင်းကြောင်း
- ၉:၃၅ Box Office Movies (Looney Tunes, Behind the Tunes)
- ၁၀:၀၅ အနုပညာရပ်ဝန်းမှ ရန်ခုန်သံများ **(ဘိုင်စကုပ်ထဲကလို ချစ်ရိုက်ကွင်းအမှတ်တရ)**
- ၁၀:၃၀ ဈေးဝယ်လမ်းညွှန် (Sony Show Room)
- ၁၁:၁၀ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၁၁:၄၅ တူယှဉ်ဆင်န္တဲ ဥက္ကံအလင်းလျှုပွဲ
- ၁၂:၁၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(နှင်းသီး)
- ၁၂:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ABBOTT LOYALTY CAMPAIGN LUCKY DRAW)
- ၁:၀၀ **တရားအစွမ်းအံ့မခန်းဒေသနာ** တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Hip Hop ကမ်းခြေ-၂)
- ၃:၂၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၆)
- ၄:၁၀ Activities in the City 547 Trading မှကျင်းပသော အထူးဈေးရောင်းပွဲတော် - အိုဘီမင်မိတ်ဆုံစားပွဲ
- ၄:၄၅ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ အနုပညာမိုးကောင်းကင်
- ၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (ABBOTT LOYALTY CAMPAIGN LUCKY DRAW)
- ၇:၀၀ Fashion Music Festival (Hip Hop ကမ်းခြေ-၂)
- ၇:၃၀ တူယှဉ်ဆင်န္တဲ ဥက္ကံအလင်းလျှုပွဲ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Box Office Movies (Looney Tunes, Behind the Tunes)
- ၉:၀၀ ဂီတသရုပ်ပြခန်း (အဆိုတော်ဟဲလေး-ချစ်သူများအတွက် သီချင်းလက်ဆောင်)
- ၉:၂၀ ကယ်တင်ကြစို့တို့ကမ္ဘာ
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၆)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **(ဘိုင်စကုပ်ထဲကလို ချစ်ရိုက်ကွင်းအမှတ်တရ)**
- ၁၀:၂၅ ဈေးဝယ်လမ်းညွှန် (Sony Show Room)
- ၁၀:၅၅ အနုပညာမိုးကောင်းကင်
- ၁၁:၂၀ ဂီတသရုပ်ပြခန်း (အဆိုတော်ဟဲလေး-ချစ်သူများ အတွက်သီချင်းလက်ဆောင်)
- ၁၁:၄၅ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
- ၁၂:၁၀ တောက်ပမှုများနဲ့ ညို့ငင်ရတနာ တို့ရဲ့အရှင်သခင်
- ၁၂:၁၅ ကမ္ဘာ့စုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြစ်ကြီးနားမြို့ရှိ ကိုယ်ပွားသတင်းစာတိုက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

နေပြည်တော် မတ် ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၇ရက် မွန်းလွဲပိုင်းတွင် အဆိုပါ သတင်းစာတိုက်၌ ကျင်းပရာ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်သိန်း၊ ကိုယ်ပွားသတင်းစာတိုက် တာဝန်ခံအရာရှိ ဦးဇော်မင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်က အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေက မီးလောင်မှုဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

သရုပ်ပြလေ့ကျင့်

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်သိန်းက မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကိုယ်ပွားသတင်းစာတိုက်မှ ဝန်ထမ်းများက ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များအတိုင်း မီးငြိမ်းသတ်မှုများကို စနစ်တကျ သရုပ်ပြ လေ့ကျင့်မှုများ ပြုလုပ်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (သတင်းစဉ်)**

FBT အမှတ်တံဆိပ် အားကစားပစ္စည်းဆိုင် ဖွင့်လှစ်

ရန်ကုန် မတ် ၁၀

ထိုင်းနိုင်ငံမှ ထုတ်လုပ်သော FBT အမှတ်တံဆိပ် အားကစားပစ္စည်းများအား မြန်မာနိုင်ငံ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ရောင်းချခွင့်ရရှိထားသည့် FBT အားကစားပစ္စည်း အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃ရက် နံနက် ၉နာရီခွဲတွင် အဆိုပါ ဆိုင်တည်ရှိရာ ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ အမှတ် ၁၅၄ ဆိုင်ခန်းအမှတ်(၂) ဦးချစ်မောင် အိမ်ရာအနီး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ FBT အားကစားပစ္စည်း အရောင်းဆိုင်ပိုင်ရှင် ဦးကိုကိုသိန်း (FBT Sportswear) က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ ဇွဲကပင်ယူနိုက်တက်အသင်း ပိုင်ရှင် ဦးလှဋ္ဌေးနှင့် FBT ဆိုင်ပိုင်ရှင် ဦးကိုကိုသိန်းတို့က အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထပ်မံဖွင့်လှစ်မည်

မြန်မာနိုင်ငံ၌ ဘောလုံးအားကစားကို အရှိန်အဟုန်မြင့် ကြိုးပမ်းလာချိန်တွင် Brand ရှိသည့် အားကစားဝတ်စုံပစ္စည်းများကို ဝယ်ယူလိုသူများ ဈေးနှုန်းများစွာ သက်သာပြီး ရရှိနိုင်စေမည့် ရည်ရွယ်ချက်အပြင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် ပရိုကလပ်ဘောလုံးအသင်းများ၊ အပျော်တမ်းအသင်းများ၊ ဌာနဆိုင်ရာအသင်းများအနေဖြင့် ဘောလုံးကန်အကျႌများ၊ ဖိနပ်၊ ဘောလုံးနှင့် အားကစားပစ္စည်းများကို ဈေးနှုန်းချိုသာစွာ၊ လျင်မြန်စွာရရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ထို့အပြင် အခြားအားကစားနည်းများ၏ အားကစားပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ **(အောက်ပုံ)**ကိုလည်း ရရှိနိုင်ကြောင်း၊ FBT အားကစားပစ္စည်းများ ဝယ်ယူလိုပါက ဖုန်း-၀၉-၂၀၂၉၀၁၀ နှင့် ၀၉-၅၀၇၂၇၈၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း၊ နေပြည်တော်၊ မန္တလေးမြို့နှင့် မြစ်ကြီးနားမြို့တို့တွင်လည်း ဆိုင်ခွဲများကို မကြာမီ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

11-3 (07).pmd 1 3/11/2010, 2:43 AM

* *ရှေ့ဖုံးမှ*

ဖွင့်လှစ်ပေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ်စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်မသုံးထပ်စာသင်ဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မသုံးထပ်စာသင်ဆောင်သစ် မျက်နှာစာ၌ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ပက်ဖျန်းပေး

ထို့နောက် ဝန်ကြီးချုပ်သည် ပင်မသုံးထပ်စာသင်ဆောင်သစ်ရှိ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဝန်ကြီး ဦးသောင်းနှင့် မြို့မိမြို့ဖများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပင်မသုံးထပ်စာသင်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို တတိယထပ်ရှိ ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဖွံ့ဖြိုးတိုးတက်လာ

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် တစ်ချိန်က သောင်းကျန်းသူမျိုးစုံ၏ ဒဏ်ကို ခါးသီးစွာ ခံခဲ့ရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နောင့်နှေးခဲ့ရပြီး တပ်မတော် အစိုးရ နိုင်ငံ့တာဝန်ယူပြီး နောက်ပိုင်းကျမှသာ သောင်းကျန်းသူ အန္တရာယ် ချုပ်ငြိမ်းပြီး လုံခြုံအေးချမ်းမှုရှိလာသည့်အတွက် လမ်းများပြုပြင်ခြင်း၊ တံတား များဆောက်လုပ်ခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းပါ ထူထောင်ပေးခဲ့သည့် အတွက် ယခုကဲ့သို့ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

ဒေသတစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းများဖောက်လုပ်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်း တို့ဖြင့်မပြီးဘဲ လူ့စွမ်းအားအရင်းအမြစ်များကိုလည်း မွေးထုတ်ပေးရန် လိုအပ် သည့်အတွက် ရှမ်းပြည်နယ်အတွင်း၌ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ လားရှိုး စသည့် မြို့များ၌ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာ တက္ကသိုလ်များကို ထူထောင်ပေးခဲ့ပြီး ကိုယ့်ဒေသအတွင်း၌ပင် အဆင့်မြင့်သည့် တက္ကသိုလ်ပညာရပ်များကို အလွယ်တကူသင်ယူနိုင်အောင် စီစဉ်ပေးထားပြီး ဖြစ်၍ ဒေသခံကျောင်းသား ကျောင်းသူများအနေဖြင့် ဤအခွင့်အလမ်းကောင်း များကို အကျိုးရှိရှိ အသုံးချတတ်ရန် လိုအပ်ကြောင်း။

အလွန်အရေးပါ

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံထူထောင်နိုင်ရန်ဆိုလျှင် ပညာမတတ်သူများဖြင့် ထူထောင် ၍ မရဘဲ အသိပညာရှင်၊ အတတ်ပညာရှင် စသည့် လူ့စွမ်းအား အရင်းအမြစ် များဖြင့်သာ ထူထောင်နိုင်မည် ဖြစ်သည့်အတွက် ယနေ့တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် အလွန်အရေးပါသော အချိန်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့ တက္ကသိုလ် ကျောင်းသား ကျောင်း...
လုပ်ငန်းခွင် အသီးသီးသို့ ဝင်ရောက်ကြရမည်ဖြ...
လုပ်ငန်းများတွင်လည်းကောင်း၊ အချို့ ပုဂ္ဂလိက က...
အချို့ အစိုးရဝန်ထမ်းများအဖြစ်လည်းကောင်း လု...
အတွက် ပညာရပ်ပိုင်းဆိုင်ရာများကို ကျွမ်းကျွမ်း...
လိုအပ်ကြောင်း။

ထိရောက်အောင်မြင်...

ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင်...
စေတနာထားပြီး မိမိတို့တပည့်များကို ဆရာစား...
လိုအပ်သကဲ့သို့ ကျောင်းသား ကျောင်းသူများ...
တတ်ကျွမ်းအောင် သင်ယူကြရန်လိုကြောင်း၊ သို့မှ...
ကြရသည့်အခါ ထိရောက်အောင်မြင်စွာ ဆောင်ရွက်...
ရခဲ့သည် ဘာမျှမတတ်ဘူးဆိုသည့် အပြောမျိုး...
သင်ယူကြရန် လိုအပ်ကြောင်း။

ကမ္ပည်းမော်ကွန်း စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) ပင်မသုံးထပ်စာသင်ဆောင်သစ်ရှိ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စာသင်ဆောင်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာ တက္ကသိုလ်(လားရှိုး) စာသင်ဆောင် အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာ တက္ကသိုလ်(လားရှိုး) ပင်မသုံးထပ် စာသင်ဆောင်သစ် မျက်နှာစာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ကွန်ပျူတာတက္ကသိုလ် (လားရှိုး) ပင်မသုံးထပ်စာသင်ဆောင် သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ကွန်ပျူတာတက္က... ပင်မသုံးထပ်စာသင်...

ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံး... ညမြင်ကွင်းအလှကို တွေ့ရစဉ်။

နိုင်ငံတော်အတွက် လူကောင်းလူတော်များ လိုအပ်ကြောင်း၊ တော်လည်းတော်ရမည်၊ ကောင်းလည်း ကောင်းရမည်၊ တော်သည် ဆိုသည်မှာ ပညာရပ်ဆိုင်ရာ တတ်ကျွမ်းသည်ကို ဆိုလိုပြီး ကောင်း သည်ဆိုသည်မှာ စည်းကမ်းကောင်းခြင်း၊ အကျင့်စာရိတ္တ ကောင်းခြင်း နှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ထက်သန်ခြင်းတို့ဖြစ်။

ဒေသတစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းနှင့် စီးပွားရေး လုပ်ငန်းများ ထူထောင်ပေးခြင်းတို့ဖြင့် မပြီးဘဲ လူ့စွမ်းအား အရင်းအမြစ်များကိုလည်း မွေးထုတ်ပေးရန် လိုအပ်သည့်အတွက် ရှမ်းပြည်နယ်အတွင်း၌ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ လားရှိုး စသည့် မြို့များ၌ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာ တက္ကသိုလ်များကို ထူထောင်ပေးခဲ့ပြီး ကိုယ့်ဒေသအတွင်း၌ပင် အဆင့်မြင့်သည့် တက္ကသိုလ်ပညာရပ်များကို အလွယ်တကူ သင်ယူနိုင်အောင် စီစဉ်ပေးထားပြီးဖြစ်၍ ဒေသခံကျောင်းသား ကျောင်းသူများအနေဖြင့် ဤအခွင့်အလမ်းကောင်းများကို အကျိုးရှိရှိ အသုံးချတတ်ရန်လို။

ယနေ့ တက္ကသိုလ် ကျောင်းသား ကျောင်းသူများသည် ဘွဲ့ရပြီးသည်နှင့် လုပ်ငန်းခွင် အသီးသီးသို့ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ အချို့ ကိုယ်ပိုင် လုပ်ငန်းများတွင်လည်းကောင်း၊ အချို့ ပုဂ္ဂလိက ကုမ္ပဏီများတွင်လည်းကောင်း၊ အချို့ အစိုးရဝန်ထမ်းများအဖြစ်လည်းကောင်း လုပ်ကိုင်ကြတော့မည်ဖြစ်သည့် အတွက် ပညာရပ်ပိုင်းဆိုင်ရာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရန် လိုအပ်ကြောင်း။

ထိရောက်အောင်မြင်

ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် ဆရာများအပိုင်းကလည်း စေတနာထားပြီး မိမိတို့တပည့်များကို ဆရာစားမချန်ဘဲ သင်ကြားပေးကြရန် လိုအပ်သကဲ့သို့ ကျောင်းသား ကျောင်းသူများအပိုင်းကလည်း တကယ့်ကို တတ်ကျွမ်းအောင် သင်ယူကြရန်လိုကြောင်း၊ သို့မှသာ လုပ်ငန်းခွင် ဝင်ရောက်ကြရသည့်အခါ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဘွဲ့သာ ရခဲ့သည် ဘာမျှမတတ်ဘူးဆိုသည့် အပြောမျိုး မခံရအောင် ကြိုးစားပြီး သင်ယူကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အတွက် လူကောင်းလူတော်များ လိုအပ်ကြောင်း၊ တော်လည်း တော်ရမည်၊ ကောင်းလည်းကောင်းရမည်၊ တော်သည်ဆိုသည်မှာ ပညာရပ် ဆိုင်ရာ တတ်ကျွမ်းသည်ကို ဆိုလိုပြီး ကောင်းသည်ဆိုသည်မှာ စည်းကမ်း ကောင်းခြင်း၊ အကျင့်စာရိတ္တကောင်းခြင်းနှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ထက်သန်ခြင်းတို့ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပညာတတ် အသိပညာရှင်၊ အတတ် ပညာရှင်များ များများပြည့်စုံမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို မြန်မြန် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံကို တကယ်ချစ်သည်၊ ကိုယ့်နိုင်ငံကို အခြားနိုင်ငံများကဲ့သို့ ဖွံ့ဖြိုးတိုးတက်ချင်သည်ဆိုလျှင် တကယ် တတ်ကျွမ်းသည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံသားတစ်ယောက်အနေဖြင့် ကိုယ့်နိုင်ငံ၏ အမျိုးသားရေး မူဝါဒကို သိရှိပြီး လက်ခံယုံကြည်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားရေး မူဝါဒသည် ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်ကြောင်း၊ နိုင်ငံသားမှန်လျှင် ဒို့တာဝန် အရေးသုံးပါးကို လက်ခံယုံကြည်ပြီး ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း။

မှာကြား

မိမိတို့နိုင်ငံသည် လူမျိုးတစ်ရာကျော် ပေါင်းစည်းပြီး မြန်မာနိုင်ငံ ဖြစ်ပေါ် လာခြင်းဖြစ်၍ မိမိတို့သည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ မြန်မာသည် မြန်မာဖြစ်သည်၊ မြန်မာသည် မြန်မာယောင်ဆောင်ပြီး တိုင်းတစ်ပါး လက်ကိုင် တုတ်နှင့် သူလျှို ဒလန်မဖြစ်ရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

မွေးထုတ်ပေးနိုင်

ထို့နောက် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည့် အတတ်ပညာနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတို့၌ ကွန်ပျူတာ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပေးခဲ့မှု၊ တက္ကသိုလ်များတွင် သင်ကြားသော ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ စေလွှတ်ပြီး လေ့ကျင့်ဆောင်ရွက်ပေးမှု၊ နိုင်ငံတကာ အဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ကျေးဇူးတင်စကား

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)မှ မဟာသိပ္ပံ ကျောင်းသား မောင်ရဲဘုန်းအောင်က ပင်မသုံးထပ်စာသင်ဆောင်သစ် တည်ဆောက်ဖွင့်လှစ် ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆရာ ဆရာမများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စာသင်ဆောင်အတွင်းရှိ Internet Room ၊ Hardware Lab ၊ Research & Development Department နှင့် Language Lab တို့အတွင်း ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေး သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်း နှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ကွန်ပျူတာတက္ကသိုလ်(လားရှိုး)မှ မဟာသိပ္ပံ ကျောင်းသား မောင်ရဲဘုန်းအောင် ပင်မသုံးထပ်ဆောင်သစ် တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကွန်ပျူတာ တက္ကသိုလ်(လားရှိုး) ပင်မ သုံးထပ်စာသင်ဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် အဖြစ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ ပြည်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ကွန်ပျူတာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်သစ်

ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ်စာသင်ဆောင်သစ်၏ ညမြင်ကွင်းအလှကို တွေ့ရစဉ်။

(သတင်းစဉ်)

အားလုံးအတွက် သန့်ရှင်းရေး

ပါမောက္ခဒေါက်တာပိုင်စိုး

လူတို့၏အခြေခံရည်မှန်းချက်မှာ လူတိုင်းရောဂါဘယ ကင်းရှင်းစွာဖြင့် သက်တမ်းစေ့ အသက်ရှည်နေထိုင်လိုခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနက လူ့သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရေးဟူသော ရည်မှန်းချက် မူဝါဒနှစ်ခုချမှတ်ပြီး ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများ၊ နည်းလမ်းများ ချမှတ်လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေသန့်၊ ပတ်ဝန်းကျင်သန့်၊ မိသားစုသန့်၊ အစားအစာသန့်ဟူသော သန့်(၄)သန့်စီမံချက်သည် လူတိုင်းပါဝင်ဆောင်ရွက်နိုင်ပြီး ကျန်းမာရေးအတွက် များစွာအကျိုးကျေးဇူးရှိပါသည်။ ပြည်သူလူထုအတွင်း ဖြစ်ပွားနေသော ကူးစက်တတ်သောရောဂါများမှာ တစ်ကိုယ်ရေသန့်ရှင်းမှု မရှိခြင်းနှင့် သန့်(၄)သန့်အား ကောင်းစွာမလိုက်နာခြင်းတို့ကြောင့် ဖြစ်ပါသည်။ အသက်အန္တရာယ်ပေးနိုင်သော အချို့သော ဗက်တီးရီးယားပိုးများ (ဥပမာ-ဝမ်းပျက်ဝမ်းလျှော၊ ကာလဝမ်းရောဂါ)၊ ဗိုင်းရပ်စ်ပိုးများ (ဥပမာ-ကြက်၊ ငှက်တုပ်ကွေး၊ ကမ္ဘာ့လူတုပ်ကွေးရောဂါ)တို့ကြောင့်ဖြစ်သော ရောဂါအများစုမှာလည်း သန့်(၄)သန့်ကို လိုက်နာဆောင်ရွက်ခြင်း မရှိသောကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ ဤသို့ရောဂါများ ဖြစ်ပွားခြင်းကြောင့် လူတိုင်းတွင် ကျန်းမာရေးအတွက်အသုံးစရိတ်မှာ ပိုမိုကုန်ကျလာပြီး လူတစ်ဦးချင်း၏ ဝင်ငွေကိုလည်း လျော့ကျစေပါသည်။

ထို့ကြောင့် လူတိုင်းဆောင်ရွက်ရန်လွယ်ကူပြီး ကုန်ကျစရိတ်မများသော သန့်(၄)သန့်အား လိုက်နာဆောင်ရွက်မှသာလျှင် ပြည်သူလူထုအားလုံး ကျန်းမာသန်စွမ်း၍ မိမိတို့၏လုပ်ငန်းတာဝန်များကို အပြည့်အဝထမ်းဆောင်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာ့ရည်မှန်းချက်နှင့် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော သန့်(၄)သန့်စီမံချက်ကို မြန်မာနိုင်ငံတွင် ၁၉၉၆ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍လည်း အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၆ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ရေသန့်၊ အိမ်သာသန့်၊ တစ်ကိုယ်ရေသန့် သန့်(၃)သန့်စီမံချက်ကို အမျိုးသားအဆင့်အနေဖြင့် ကျောင်းများနှင့် ပူးတွဲဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၁ခုနှစ်တွင် အစားအသောက်သန့်ရှင်းရေးပါဝင်လာ၍ သန့်(၄)သန့် စီမံချက်ဖြစ်ပေါ်လာပါသည်။ ၂၀၀၈ ခုနှစ်မှစ၍ ရေသန့်၊ ပတ်ဝန်းကျင်သန့်၊ မိသားစုသန့်၊ အစာသန့်ဟူ၍ လူထုအခြေခံသောသန့်ရှင်းရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသန့် (၄)သန့်အစီအစဉ်များကို ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေရန် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ကျန်းမာရေးဟောပြောပွဲစသော ကြားခံပစ္စည်းအမျိုးမျိုးအသုံးပြု၍ ပညာပေးခဲ့ပါသည်။ ထို့အပြင် အချိန်နှင့်တစ်ပြေးညီ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခြင်းဖြင့် လည်းကောင်း၊ လေ့ကျင့်သင်တန်းပေးထားသော စေတနာဖြင့်ကူညီသူများက ပြည်သူလူထုအတွင်း ကွင်းဆင်းပညာပေးခြင်းဖြင့်လည်းကောင်း သန့် (၄)သန့်ကို ပျံ့နှံ့ရောက်ရှိစေခဲ့ပါသည်။

ရေကောင်းရေသန့်မရှိခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု မရှိခြင်းနှင့် အစားအစာများသန့်ရှင်းမှုမရှိခြင်းတို့သည် လူအများအတွက် ရောဂါထူပြောရုံသာမက အသက်ပင်သေဆုံးနိုင်ပါသည်။ သန့်ရှင်းမှုမရှိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားသောရောဂါများ၊ ပိုလီယိုအကြောသေရောဂါ၊ အသည်းရောင်ရောဂါ၊ ကြက်ငှက်တုပ်ကွေးနှင့် ကမ္ဘာ့လူတုပ်ကွေးကဲ့သို့သော ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားသော ရောဂါများဖြစ်ပွားကာ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေကြရပါသည်။ သို့ရာတွင် ၎င်းတို့ကို ရှောင်လွှဲ၍ရနိုင်ပါသည်။ ကာကွယ်တားဆီး၍လည်း ရနိုင်ပါသည်။

ရေကောင်းရေသန့်သောက်သုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တည်ဆောက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုခြင်း၊ လက်ဆေးခြင်းအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းမှုကိုဂရုစိုက်ခြင်း၊ သန့်ရှင်းသောအသုံးအဆောင်များ စနစ်တကျအသုံးပြုခြင်း၊ သန့်ရှင်းသော အစားအစာကိုသာ စားသောက်ခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို လက်ခံကျင့်သုံးခြင်းဖြင့် ယင်းပြဿနာများကိုဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

လူ၏ခန္ဓာကိုယ်သည်ရေနှင့်ကင်းကွာ၍မနေနိုင်ပါ။ရေမရှိ၍သေသူရှိသလို ရေကြောင့်သေရသူလည်း များစွာရှိပါသည်။ သောက်ရေသုံးရေထဲတွင် ရောဂါပိုးများပါလာလျှင်ဖြစ်စေ၊ အန္တရာယ်ရှိသော ဓာတ်များ ပါလာလျှင်ဖြစ်စေ သေနိုင်ပါသည်။ ရေတိုင်း ရေကောင်းရေသန့်မဟုတ်ပါ။ ရေကောင်းရေသန့်ဟူသည် ရောဂါပိုးကင်းစင်ရမည်။ အရောင်၊ အနံ့၊ အရသာ ကင်းရမည်။ အနည် ကင်းရမည်။ ဘေးဖြစ်စေသောဓာတ်ပစ္စည်းများပျော်ဝင်ခြင်း ကင်းရမည်။ ရေသည် မျက်စိ၌ကြည်လင်နေသော်လည်း သာမန်မျက်စိဖြင့် မမြင်နိုင်သော ရောဂါပိုးများ၊ ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတ်ပစ္စည်းများ ပါဝင်နိုင်သည်။ မြန်မာနိုင်ငံတွင် ရေရရှိရန်လွယ်ကူသော်လည်း ရေကောင်း ရေသန့်ရရှိရန် ခက်ခဲပါသည်။ ရေကောင်းရေသန့် ရရှိနိုင်သော နေရာများမှာ မြေအောက်နက်သောနေရာမှ ရေထွက်သောစက်ရေတွင်း (အဝီစိတွင်း)၊ မြေအတွင်းမှ စိမ့်ထွက်သော စိမ့်စမ်းရေ၊ စနစ်တကျတူးထား၍ ရေညစ်ညမ်းမှုမှ ကာကွယ်ထားသော တွင်းရေနှင့် သန့်ရှင်းစွာခံယူ၍ သိုလှောင်သိမ်းဆည်းထားသော မိုးရေတို့ဖြစ်သည်။ ယင်းရေကောင်းရေသန့်ထွက်ရှိရာနေရာများ မညစ်ညမ်းစေရန် ယင်းနေရာတို့တွင် ရေမဝပ်စေရ၊ အနီးအနားတွင် ရေမချိုးရ၊ အဝတ်မလျှော်ရ၊ တိရစ္ဆာန်များမရှိစေရ၊ ညစ်ပေသောလက်များ၊ ပုံးများ၊ ခွက်များနှင့် ရေမခပ်ရ၊ တုံကင်တွင် ရေချူရန် လိုအပ်လျှင်လည်း မသန့်သော ရေကို မသုံးရပါ။ ရေကောင်းရေသန့်သာ သုံးရပါမည်။

မြစ်ရေ၊ ချောင်းရေ၊ ကန်ရေတို့မှာ သောက်သုံးရန် သင့်တော်သော ရေကောင်းရေသန့် မဟုတ်ပါ။ သို့ရာတွင် ၎င်းတို့ကို ရေကောင်းရေသန့်ဖြစ်ရန် ရေကို ဆူပွက်အောင် ကျိုချက်ခြင်း၊ ရေထဲသို့ ကျောက်ချဉ်ခတ်၍ သန့်စေခြင်း၊ ရေကို တစ်နေ့တာ နေပူခံ၍ သန့်စေခြင်း၊ ရေစစ်အိုးကို အသုံးပြု၍ သန့်စေခြင်းတို့ဖြင့် သန့်စင်နိုင်ပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုသည်မှာ လူတို့၏ ပတ်ဝန်းကျင်အတွင်းမှနေ၍ လူတို့၏ ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခ စသည့်ကျန်းမာရေးတို့ကို အနှောင့်အယှက် အန္တရာယ်ပေးနေသည့် သက်ရှိသက်မဲ့အရာမှန်သမျှကို နှိမ်နင်းကာကွယ်သည်မှ လုံးဝပပျောက်သည်အထိ ဆောင်ရွက်သောလုပ်ငန်းများ ဖြစ်သည်။ လူနှင့် တိရစ္ဆာန်တို့၏ အညစ်အကြေးများ၊ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်သရိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်း၍ ရောဂါဆိုးအမျိုးမျိုး ဖြစ်ပွားနိုင်ပါသည်။ ညစ်ညမ်းသော ပတ်ဝန်းကျင်ကြောင့် လူနေမှုအဆင့်အတန်း နိမ့်ကျ၍ ကျန်းမာရေးထိခိုက်နိုင်ပါသည်။ သို့ဖြစ်၍ ပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေရန် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း၊ အိမ်ဝန်းကျင်တွင် ရေမဝပ်အောင် ရေနုတ်မြောင်းများ ထားရှိခြင်း၊ တိရစ္ဆာန်အညစ်အကြေးများနှင့် အမှိုက်သရိုက်များကို စနစ်တကျ သိမ်းဆည်းခြင်း၊ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ စနစ်တကျစွန့်ပစ်ခြင်းတို့ ပြုလုပ်ရပါမည်။ သောက်သုံးရေကို အဓိကညစ်ညမ်းစေသည်မှာ လူ့မစင်ဖြစ်ပါသည်။ မစင်ကို မြစ်ချောင်းထဲ တိုက်ရိုက်စွန့်ခြင်း၊ တောထိုင်သောဓလေ့နှင့် အိမ်သာတွင်းမှ မစင်များ မြေအောက်ရေကြောထဲ စိမ့်ဝင်ခြင်းတို့ကြောင့် အနီးအနားရှိ ရေတွင်းများမှ ရေကို ညစ်ညမ်းစေပါသည်။

မစင်သည် ယင်ကောင်များမှတစ်ဆင့် အစာရေစာများသို့ ရောက်ရှိ၍ ရောဂါအမျိုးမျိုး ရရှိစေနိုင်ပါသည်။ သန့်ရှင်းသော ယင်လုံအိမ်သာမသုံးသည့် ပတ်ဝန်းကျင်တွင် လူ့မစင်မှ ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့် အစားအစာထဲသို့ရောက်ရှိကာ ရောဂါရစေပါသည်။ မသန့်ရှင်းသော လက်တွင် မစင်မှ ရောဂါပိုးများ ရောက်သွားကာ အစားအစာ ပြင်ဆင်ချက်ပြုတ်ရာ၊ စားသောက်ရာမှတစ်ဆင့် ရောဂါရစေပါသည်။ သို့ဖြစ်၍ သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရပါမည်။ ယင်လုံအိမ်သာသည် ယင်လုံရမည်၊ အနံ့ကင်းရမည်၊ သန့်ရှင်းရမည်၊ မစင်မှ ရောဂါမပြန့်စေရန် တားဆီးနိုင်ရမည်။ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေကောင်းရေသန့်သုံးခြင်းနှင့် ယင်လုံအိမ်သာ သုံးစွဲခြင်းသည် ကျန်းမာခြင်းကို ဖြစ်စေပါသည်။ သို့ရာတွင် တစ်ကိုယ်ရေသန့်ရှင်းမှု မရှိပါက ရပြီးသော ကျန်းမာခြင်းကို ပြန်လည်ထိခိုက်စေနိုင်မည် ဖြစ်ပါသည်။

မြန်မာတို့သည် လက်နှင့်ထမင်းစားကြပါသည်။ သို့ဖြစ်၍ အစာမစားမီ လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ ပေကျံမှု မရှိစေရန်အတွက် လက်ကို စင်ကြယ်စွာ ဆေးရပါမည်။ လုပ်ငန်းခွင်တွင် အလုပ်လုပ်ခြင်း၊ အစားအစာများကို ကိုင်တွယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ စားသောက်ခြင်း၊ အညစ်အကြေးများ ကိုင်တွယ်ခြင်းတို့ကို ပြုလုပ်ရသောလက်သည် ရောဂါဖြစ်စေနိုင်သော အကြောင်းအရင်းတစ်ခု ဖြစ်နေပါသည်။ ထိုလက်မှတစ်ဆင့် ပါးစပ်တွင်းသို့ ရောဂါပိုးများ မဝင်ရောက်နိုင်ရန်လည်းကောင်း၊ အစာနှင့် ရေထဲသို့ ရောဂါပိုးများ ကပ်ငြိပါမသွားစေရန်လည်းကောင်း လက်ကိုစင်ကြယ်စွာ ဆေးကြောရပါမည်။ မသန့်ရှင်းသောလက်ဖြင့် အစာကို ကိုင်တွယ်သည့်အခါတွင် မိမိလက်မှအညစ်အကြေးများနှင့် ရောဂါပိုးများ အစာထဲသို့ ဝင်ရောက်သွားပါသည်။ ထိုအစားအစာကို မိမိကိုယ်တိုင်စားလျှင် ဖြစ်စေ၊ အခြားသူအား ကျွေးလျှင်ဖြစ်စေ ရောဂါရနိုင်ပါသည်။ ပန်းကန်ခွက်ယောက်များကို ကိုင်တွယ်ရာတွင်လည်း လက်မသန့်ရှင်းမှုကြောင့် ရောဂါပိုးမွှားကပ်ငြိဝင်ရောက်နိုင်သဖြင့် သတိပြုရန်လိုပါသည်။ သောက်ရေခွက်ကို ညစ်ပတ်သောလက်ဖြင့် ကိုင်တွယ်အသုံးပြုလျှင် လက်မှရောဂါပိုးများသည် ထိုရေခွက်၌ ကပ်ပါသွားပြီး ရေကောင်းရေသန့်ကို ညစ်ညမ်းစေနိုင်ပါသည်။ စက်ရေတွင်း (အဝီစိရေတွင်း) စသည့် ရေကောင်းရေသန့်ရနိုင်သော နေရာများသို့ သွားရောက်ရေခပ်ရာတွင်လည်း လက်ကို စင်ကြယ်စွာ ဆေးဖို့ မမေ့ရန် အရေးကြီးပါသည်။ မိမိ၏ ညစ်ပတ်သောလက်များသည် မိမိကိုယ်တိုင်သာမက သူတစ်ပါးကိုပါ ရောဂါရစေနိုင်ပါသည်။

စနစ်တကျလက်ဆေးရန် ဆပ်ပြာနှင့် ရေကိုသုံးရပါမည်။ ဆပ်ပြာမရရှိနိုင်ပါက ပြာအစရှိသည့် ကြေးချွတ်စေသော၊ ရောဂါပိုးသေစေသော ပစ္စည်းများကို အသုံးပြု၍ ဆေးကြောရပါမည်။ လက်သည်းအောက်ထဲတွင် ရောဂါပိုးများ၊ အညစ်အကြေးများကပ်နေလျှင် လက်စင်စင်ဆေးရန် ခက်ပါသည်။ လက်သည်းကို မှန်မှန်ညှပ်ပေးခြင်းဖြင့် လက်ကို စင်ကြယ်စွာဆေးရန် လွယ်ကူသွားပါသည်။

လူအများစုသည် ကလေးတို့၏ မစင်အညစ်အကြေးကို ကျန်းမာရေးအတွက် အန္တရာယ်ရှိသည်ဟု မယူဆကြပေ။ သို့ဖြစ်၍ ကလေးမစင် အညစ်အကြေးကို တွေ့ရာနေရာတွင် စွန့်ပစ်ကြသည်။ ကိုင်တွယ်ပြီးလျှင် လက်ကို ဆေးကြောခြင်းမပြုကြ။ ကလေး၏မစင်သည် လူကြီး၏မစင်နှင့် အန္တရာယ်ရှိပုံချင်းအတူတူပင်ဖြစ်သည်။ သို့ဖြစ်၍ ကလေး အညစ်အကြေး သုတ်သင်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။ အိမ်သာအထွက် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။ လက်ကို စင်ကြယ်စွာ ဆပ်ပြာဖြင့် ဆေးကြောပြီးမှ သောက်ရေခပ်ပါ။ အစားအစာ ကိုင်တွယ်၊ ပြင်ဆင် ချက်ပြုတ်မှုမပြုခင် လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါဟု မှာကြားလိုပါသည်။ ။

ဆက်လက်ဖော်ပြပါမည်

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၁၀

ကျိုက်လတ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃-စီရှိ ရောဝတီတိုင်းမွှားရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မြန်မာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည်နှင့်ပျော်ရွှင်ပွဲ

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပသော နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို မတ် ၁၉၊ ၂၀နှင့် ၂၁ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း ရန်ကုန်မြို့ ပြည်လမ်း ၉မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူ မိသားစုများ ဆင်နွှဲနိုင်သည်။

ကျောက်ပန်းတောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီခမ်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ရန် နှိုးဆော်ထားသည်။

ဟိုတယ်ဖွဲ့စည်းပုံနှင့် ဈေးကွက်အကြောင်း ဟောပြောမည်

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ စာရေးဆရာချစ်ဆွေမြင့်က ဟိုတယ်ဖွဲ့စည်းပုံနှင့် ဈေးကွက်အကြောင်းကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈လမ်းထောင့်ရှိ အာရှပလာဇာ ဟိုတယ်၌ မတ် ၁၂ရက် (သောကြာနေ့)ညနေ၄နာရီတွင် ဟောပြောမည်ဖြစ်သည်။

မန္တလေး စီးပွားရေးလမ်းညွှန် ဖြန့်ချိထား

မန္တလေးမြို့နှင့် ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြန်မာပြည် (အထက်ပိုင်း) မြို့ပေါင်း ၄၇မြို့တို့၏ စီးပွားရေးလုပ်ငန်း အချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို စုံစုံလင်လင် စုစည်း ဖော်ပြထားသည့် မန္တလေး စီးပွားရေးလမ်းညွှန် ၂၀၁၀ စာအုပ်ကို ထုတ်ဝေဖြန့်ချိထားပြီးဖြစ်ရာ ဖုန်း-၀၂-၇၂၂၀၀နှင့် ၂၅၃၂၈၅တို့သို့ ဆက်သွယ်ရယူနိုင်သည်။

တက်လမ်း (၁) အထွေထွေဗဟုသုတစာအုပ် ထွက်ရှိ

လုပ်ငန်းခွင်ဝင် စာမေးပွဲဖြေဆိုမည့်သူများ၊ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်သော အထွေထွေဗဟုသုတများကို အသေးစိတ်ပြုစုထားသည့် ဗိုလ်ကြီးလှရွှေ(ငြိမ်း) ရေးသားသော တက်လမ်း(၁) အထွေထွေဗဟုသုတ မှတ်စုစာအုပ် ထွက်ရှိနေသည်။

အခြေခံစားပွဲတင် တင်းနစ်သင်တန်းဖွင့်မည်

၂၀၁၀ခုနှစ် နွေရာသီ အခြေခံစားပွဲတင် တင်းနစ်သင်တန်းကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ မတ် ၈ရက်မှ ဧပြီ ၉ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အသက် ၈နှစ်မှ ၂၅နှစ်အထိ မည်သူမဆို လာရောက်သင်ကြားနိုင်ပြီး မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ရုံး ဖုန်း ၀၁-၃၈၇၉၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

နာကျင်မှုကုသရေး ဆေးပညာဟောပြောပွဲ တက်ရောက်နိုင်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) နာကျင်မှုကုသရေး ဆေးပညာအဖွဲ့က ကြီးမှူး၍ ဟောပြောပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ မတ် ၁၃ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ကိုကိုးကျွန်း အပန်းဖြေခရီးစဉ် လိုက်ပါနိုင်ကြ

ပင်လယ်နှင့်ကမ်းခြေကျွန်း ရှုခင်းအလှအပကို ကြည့်ရှုလေ့လာနိုင်သည့် ကိုကိုးကျွန်း အပန်းဖြေခရီးစဉ်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းတို့ ပူးပေါင်း၍ စတုတ္ထအကြိမ်မြောက် ပြေးဆွဲပေးမည်ဖြစ်ပြီး မတ် ၂၈ရက်တွင် ရန်ကုန်မြို့ သာကေတဆိပ်ခံတံတားမှ ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဖုန်း-၂၉၆၂၅၃ နှင့် ၅၄၄၅၆၃ တို့သို့ မေးမြန်းစုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ- ဝင်းကျော်

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ရက်က ဗိုလ်ချုပ်ပန်းခြံအတွင်း ပန်းအလှပင်စိုက်ပျိုးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၀၂၁)

ရွှေမြို့တော်၊ အားမာန်သစ်နှင့် တောင်ညို-မိုးစွေယာဉ်များဖြင့်
လိုရာခရီးသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီ

အမေးအရေး-ဝင်းကျော် ➤ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်ထွန်းဇော်(စမ်းချောင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-လှဲလှဲဝင်း(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၀

ဖွံ့ဖြိုးစည်ပင်သော မြို့ပြတစ်ခု၌ နေထိုင်ကြသည့် ပြည်သူများအတွက် စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေး လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် လိုအင်ဆန္ဒများ ပြည့်ဝစေရန် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့မှုသည် အလွန်အရေးပါလှသည်။

ဘောဂသီရိ

နေပြည်တော်ရှိ ပြည်သူများအတွက် သွားလာမှုလွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်နေသော နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)၏ လုပ်ငန်းများ ဆောင်ရွက်ပုံကို သတင်းရယူရန် မြန်မာ့အလင်းသတင်းအဖွဲ့ နေပြည်တော် ဘောဂသီရိယာဉ်ရပ်နားစခန်း (အဝေးပြေးဝင်း)သို့ ရောက်ရှိခဲ့ကြသည်။

သတိပြုမိ

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)ရုံးခန်းသို့ သတင်းအဖွဲ့ ရောက်ရှိချိန်တွင် ဝန်ထမ်းများ အလုပ်ကိုယ်စီဖြင့် လုပ်ကိုင်နေသည်ကိုတွေ့ရပြီး ရုံးခန်းအတွင်း နံရံအမြင့်တစ်နေရာ၌ "သွားလာလွယ်ကူဒို့ပြည်သူ၊ ကြိုးစားလုပ်ရှားမထသအဖွဲ့များ" ဟူ၍ ရေးသားထားသည့် လုပ်ငန်းဆောင်ပုဒ်တစ်ခုကို သတိပြုမိသည်။

သွားလာရာ၌ လွယ်ကူချောမွေ့စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်များ စနစ်တကျ ပြေးဆွဲရေးတို့ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟုပြောပြသည်။

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)ဥက္ကဋ္ဌဦးဝင်းထိန်က လုပ်ငန်းဆောင်ရွက်မှု ရှင်းပြစဉ်။ (မြန်မာ့အလင်း)

မထသ(မြို့တွင်း)၌ လုပ်ငန်းဆောင်ရွက်နေသော ဌာနများအနေဖြင့် စီမံရေးရာဌာန၊ ဘဏ္ဍာရေးဌာန၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ဌာန၊ စည်းကမ်း/ထိန်း ဌာနဟူ၍ ဌာနလေးခုရှိကြောင်း၊ ဝန်ထမ်းအင်အား၂၂ ဦး ရှိကြောင်းသိရသည်။

ဆက်လက်၍ မထသ(မြို့တွင်း)၏ ကော်မတီဝင်(၂)ဖြစ်သူဦးအောင်မြင့်ကျော်

သတ်မှတ်ခေါက်ရေ

ယာဉ်လိုင်းအလိုက် မော်တော်ယာဉ်များကို သတ်မှတ်ခေါက်ရေပြည့်မီအောင် ပြေးဆွဲစေပါတယ်။ ပြေးဆွဲနေတဲ့ ယာဉ်အမျိုးအစားက လိုက်ထရပ် ကားလတ်များဖြစ်ပါတယ်။

ပြေးဆွဲပေး

နေပြည်တော်ဘူတာကြီးမှ ဝန်ထမ်းအိမ်ရာများသို့ ပြေးဆွဲပေးတဲ့ ယာဉ်လိုင်းရှိပါတယ်။ ဒါ့အပြင် ရပ်ကွက်ကြီးငါးခုမှာ နေထိုင်ကြတဲ့ ဝန်ထမ်းများ သွားလာမှုလွယ်ကူစေရန် မြို့ပတ် ယာဉ်လိုင်းများ ပြေးဆွဲပေးပါတယ်။

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း) ကော်မတီဝင်(၂) ဦးအောင်မြင့်ကျော်က ယာဉ်စည်းကမ်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ ရှင်းပြစဉ်။ (မြန်မာ့အလင်း)

ယာဉ်လိုင်းခရီးစဉ် တိုးချဲ့မှုအနေနဲ့ နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Land Mark) ကို ဖေဖော်ဝါရီ ၁၁ရက်မှာ ဖွင့်လှစ်ပြီးတဲ့နောက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ တော်ဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊

"ခရီးစဉ်အသီးသီး ပြေးဆွဲနေတဲ့ မော်တော်ယာဉ်များ စည်းကမ်းစနစ်တကျရှိစေရန် ကြိုးကြပ်ဆောင်ရွက်ရာမှာ မော်တော်ယာဉ်များ သတ်မှတ်ခရီးစဉ်အစ၊ အဆုံးပြေးဆွဲရေး၊ သတ်မှတ်ခရီးလမ်း ကြောင်းအတိုင်း ပြေးဆွဲမှုရှိရေး၊ ယာဉ်စီးခ ပိုမိုတောင်းခံမှု မရှိစေရေး၊ ခရီးသည်များနှင့် ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံရေးတို့ကို ထိန်းသိမ်းဆောင်ရွက်ပါတယ်။

သတ်မှတ်စည်းကမ်း

ယာဉ်မောင်းများအနေနဲ့ ယာဉ်မောင်းနှင်ရာမှာ လိုင်စင်အနီပါရှိရမယ်။ ယာဉ် နောက်လိုက်လိုင်စင်ရှိရမယ်။ သတ်မှတ်ဝတ်စုံဝတ်ဆင်မှုရှိမရှိ စစ်ဆေးပါတယ်။ ယာဉ်လိုင်းပြေးဆွဲတဲ့ လမ်းကြောင်းများမှာ စည်းကမ်းထိန်း၊ အချိန်ထိန်းဂိတ်များ ၁၀ခုရှိပြီး ပြေးဆွဲနေတဲ့ ယာဉ်များကို ကြပ်မတ်စစ်ဆေးပါတယ်။ သတ်မှတ် စည်းကမ်းမလိုက်နာပါက သတိပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ပါတယ်။

အရေးယူဆောင်ရွက်

စည်းကမ်းလိုက်နာမှုမရှိတဲ့ ယာဉ်များကို ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်ရန် ဖုန်းများကို ခရီးသည်တင် ယာဉ်အတွင်းမှာ စာရေးသားကပ်ထားပေးပါတယ်။ ခရီးသည်များအနေနဲ့ကလည်း ယာဉ်စီးနင်းရာမှာ စည်းကမ်းမလိုက်နာတဲ့ ယာဉ်များကို မှန်မှန်ကန်ကန် တိုင်ကြားဖို့လိုပါတယ်။ ဒါမှလည်း စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အနေနဲ့ အရေးယူ ဆောင်ရွက်နိုင်မှာပါ။

ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအနေနဲ့ သက်ဆိုင်ရာယာဉ်ထိန်းရဲ၊ ကညန၊ ပို့/ဆက်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့နဲ့ ပူးပေါင်းပြီး မော်တော်ယာဉ်များကို စစ်ဆေး ဆောင်ရွက်မှုများရှိပါတယ်။

မထသ(မြို့တွင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ မော်တော်ယာဉ်များ စည်းကမ်းတကျမောင်းနှင်ရေး ဤသို့ ကွင်းဆင်းစစ်ဆေးကြသည်။ (မြန်မာ့အလင်း)

စနစ်တကျပြေးဆွဲရေး

ထို့နောက် မထသ(မြို့တွင်း)၏ ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းထိန်အားတွေ့ဆုံ၍ မေးမြန်းရာ "မထသ(မြို့တွင်း) အနေနဲ့ ပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန် နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရဲ့ ညွှန်ကြားချက်နဲ့အညီ ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများ ခရီးအားတွေ့ဆုံ၍ ယာဉ်လိုင်းများဆိုင်ရာ ပို့ဆောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို မေးမြန်းခဲ့ရာ-

"မြို့တွင်းပြေးဆွဲနေတဲ့ ယာဉ်လိုင်းများအနေနဲ့ ရွှေမြို့တော်၊ အားမာန်သစ်နဲ့ တောင်ညို-မိုးစွေယာဉ်လိုင်း သုံးလိုင်းရှိပါတယ်။ ရွှေမြို့တော်မှာ ယာဉ်လိုင်း ခုနစ်လိုင်းနဲ့ ယာဉ်စီးရေ ၁၁၀၊ အားမာန်သစ်မှာ ယာဉ်လိုင်း ရှစ်လိုင်းနဲ့ ယာဉ်စီးရေ ၉၁စီးရှိပါတယ်။ တောင်ညို-မိုးစွေ ယာဉ်လိုင်းမှာ ယာဉ်စီးရေ ၂၅စီးရှိပါတယ်။

အားမာန်သစ် ယာဉ်လိုင်းကားများ နေပြည်တော် ပျဉ်းမနားဈေးဂိတ်၌ ရပ်နားထားစဉ်။ (မြန်မာ့အလင်း)

ရွှေမြို့တော်နဲ့ အားမာန်သစ်ယာဉ်လိုင်းများ ပြေးဆွဲပေးနေပါတယ်" ဟု ယာဉ်လိုင်းများ ပြေးဆွဲပေးနေမှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ ယာဉ်စည်းကမ်း ထိန်းသိမ်းမှုနှင့် ပတ်သက်ပြီး ယခုကဲ့သို့ ပြောကြားသည်-

ဒါ့အပြင် ယာဉ်မောင်းများအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိစေရန် တစ်လတစ်ကြိမ် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပါတယ်။ ယာဉ်မောင်းများ အသိပညာရှိမှလည်း စည်းကမ်းလိုက်နာမှု ရှိလာမှာပါ။ စည်းကမ်းတကျမောင်းနှင်မှ မလိုလားအပ်တဲ့ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်မှာပါ" ဟု ယာဉ်လိုင်းများမှ ယာဉ်များ စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ယာဉ်မောင်းများ စည်းကမ်းလိုက်နာရေးတို့နှင့်ပတ်သက်၍ ရှင်းပြသည်။

အဆင်ပြေလွယ်ကူစေရန်

အချိန်နှင့်အမျှ ဖွံ့ဖြိုးစည်ပင်လာသော နေပြည်တော်ကြီးတွင် ဖြစ်တည်လာသော လူဦးရေနှင့်အညီ လုပ်ငန်းဆောင်တာကိစ္စအဝဝသည်လည်း များပြားလာလျက်ရှိရာ ခရီးသွားလာမှု အဆင်ပြေလွယ်ကူချောမွေ့စေရန် ကြိုးပမ်းဆောင်ရွက်နေသော နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၏ လုပ်ငန်းဆောင်ရွက်မှုအဝဝကို လေ့လာသိရှိရသမျှ ပြန်လည် ဖောက်သည်ချလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နိုင်ငံတကာအားကစားသတင်း

အာဆင်နယ်ခြေစွမ်းပြပြီး ကွာတားတက် ဖီအိုရင်တီးနားနိုင်သော်လည်း ပြိုင်ပွဲမှထွက်ခဲ့ရ

မြင့်မောင်စိုး ➤ စုစည်းသည်

လန်ဒန် မတ် ၁၀

ချန်ပီယံလိဂ် ၁၆သင်း ပြိုင်ပွဲများ မတ် ၁၀ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က အိမ်ကွင်း၌ ပေါ်တိုအသင်းကို ငါးဂိုးပြတ်သွင်းယူပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် အသင်းခေါင်းဆောင်ဖာဘရီဂတ်စ်ဒဏ်ရာရထားသဖြင့် မပါဝင်သော်လည်း ပွဲစသည်နှင့် ခြေစွမ်းပြခဲ့သည်။ ပွဲချိန် ၁၀မိနစ်တွင် အာရှာဗင်အကွက်ဆင်ပေးသော ဘောလုံးမှ ဘန်တနာကသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး မကြာမီ ဘန်တနာကပင် ဗာမေလန်အကွက်ဆင်ပေးသော ဘောလုံးမှတစ်ဆင့်သွင်းယူခဲ့ပြန်သည်။

အာဆင်နယ်အတွက် ဒုတိယဂိုးကို ဘန်တနာက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

စတုတ္ထအနိုင်ဂိုး

ဒုတိယပိုင်းတွင် အိမ်ရှင်အာဆင်နယ်တို့ကစားကွက်ပိုမြိုင်လာသည်။ ပွဲချိန် ၆၃ မိနစ်တွင် နာဆရီက အာဆင်နယ်အတွက် တတိယအနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးသွင်းပြီး နှစ်မိနစ်အကြာ အီဘိုးက အာဆင်နယ်အတွက် စတုတ္ထအနိုင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် မိနစ် ၉၀ပြည့်ချိန်တွင် အီဘိုးအား ပေါ်တိုကစားသမား ဖူစီလီကဂိုးဧရိယာအတွင်း ဆွဲချခဲ့သဖြင့် ဒိုင်လူကြီးက အာဆင်နယ်ကို ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို ဘန်တနာသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ ငါးဂိုး-ဂိုးမရှိဖြင့် အောင်ပွဲခံခဲ့သည်။ ပေါ်တိုက ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သော်လည်း အာဆင်နယ်က နှစ်ပွဲပေါင်း ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။



ဘိုင်ယန်မြူးနစ်အတွက် ဒုတိယဂိုးကို အာဂျင်ရော်ဘင်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဖီအိုရင်တီးနားနိုင်သော်လည်း

စီးရီးအေကလပ် ဖီအိုရင်တီးနားနှင့် ဘိုင်ယန်မြူးနစ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဖီအိုရင်တီးနားက အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သို့သော် ဘိုင်ယန်မြူးနစ်က ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားခဲ့သည်။ နှစ်ပွဲပေါင်းရလဒ် တစ်ဖက် လေးဂိုးစီဖြစ်ခဲ့သည်။ ဘိုင်ယန်မြူးနစ်က အဝေးဂိုးဖြင့် နောက်ဆုံးရှစ်သင်းပြိုင်ပွဲ တက်ရောက်သွားသည်။ **(အင်တာနက်)**

ဘာမင်ဂမ်တို့ ပို့စ်မောက်ကိုရှုံးကြွေးဆပ် ဒါရင်ဘင့်၏ဟက်ထရစ်ဂိုးဖြင့် ဆန်းဒါးလန်းအောင်ပွဲခံ

လန်ဒန် မတ် ၁၀

ပရီမီယာလိဂ်လက်ကျန်ပွဲများအဖြစ် ပို့စ်မောက်နှင့် ဘာမင်ဂမ်အသင်းတို့သည် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပြီးနောက် မတ် ၁၀ရက် နံနက်ပိုင်းက ပြန်လည်ဆုံတွေ့ခဲ့ကြရာ ဘာမင်ဂမ်တို့ ရှုံးကြွေးဆပ်နိုင်ခဲ့သည်။

ဘာမင်ဂမ်ကစားသမား ဂျာရိုမီက ပထမပိုင်းတွင် နှစ်ဂိုးစလုံးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲသိမ်းလေလွင့်ချိန်တွင် ကနူးက ပို့စ်မောက်အတွက် နှစ်သိမ့်ဂိုးသွင်းယူပေးခဲ့သည်။

ဟက်ထရစ်ဂိုး

ဆန်းဒါးလန်းက အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် ဘော်လ်တန်ကိုနိုင်ခဲ့သည်။ ပွဲစပြီး တစ်မိနစ်အတွင်းမှာပင် ဖရိုက်ကင်းဘဲလ်က ဆန်းဒါးလန်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီးနောက် ဆန်းဒါးလန်းကစားသမား ဒါရင်ဘင့်က ဟက်ထရစ် ဂိုးသွင်းပြီး အောင်ပွဲခံခဲ့သည်။ **(အင်တာနက်)**

ဧယျာရွှေမြေအပေါ် စစ်ကိုင်းသားတို့၏ မျှော်လင့်ချက်

၂၀၁၀ MNL ပြိုင်ပွဲဝင်အသင်းများအကြောင်း တစေ့တစောင်း

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၀

မတ် ၁၃ရက်တွင် စတင်ကျင်းပတော့မည့် ၂၀၁၀ MNL ပြိုင်ပွဲကြီးမှာ ပြိုင်ပွဲဝင်အသင်း ၁၁သင်းဖြင့် မြန်မာ့ဘောလုံးပရိသတ်ရှေ့မှောက်ထံ မြိုင်မြိုင်ဆိုင်ဆိုင် ရောက်ရှိလာတော့မည်ဖြစ်သည်။ ချန်ပီယံဖြစ်ထားသည့် အသင်းကလည်း ချန်ပီယံကာကွယ်နိုင်ရေး၊ ဆုဖလားနှင့်လွဲချော်ခဲ့ကြသည့် အသင်းများကလည်း ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ရေး၊ ပြည်တွင်းကစားသမားများကို အရောင်တင်ပေးလိုသည့် အသင်းများကလည်း ရည်မှန်းချက်ကိုယ်စီဖြင့် ပြိုင်ပွဲအကြို ပြင်ဆင်မှုကာလများကို ကုန်လွန်ခဲ့ကြသည်။

ဧယျာရွှေမြေ နည်းပြချုပ် စတီဖင်ဟန်ဆန်။

ရေပန်းစား

ယခုဆိုပါလျှင် ပြိုင်ပွဲစရန် ရက်ပိုင်းမျှသာလိုတော့ပေသည်။ အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်ပြီး ပြိုင်ပွဲဝင်ရန်အသင့်အနေအထားသို့ ရောက်ရှိနေကြပြီးဖြစ်သည်။ ပွဲစဉ် မဲနှိုက်ရေးဆွဲမှုအခမ်းအနားကို မတ် ၆ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲစတင်မည့် မတ် ၁၃ရက်တွင် အိမ်ရှင်ရတနာပုံအသင်းနှင့် စတင်ကစားရမည့်အသင်းမှာ အိမ်နီးချင်းအသင်းဖြစ်သည့် စစ်ကိုင်းတိုင်းကိုယ်စားပြု ဧယျာရွှေမြေ အသင်းပင်ဖြစ်သည်။ ဧယျာရွှေမြေအသင်းမှာ လက်ရှိ MNL ၏ အအောင်မြင်ဆုံးအသင်းဖြစ်နေသည့် ရတနာပုံအသင်းနှင့် သုံးကြိမ် တွေ့ဆုံထားရာ သူမသာ၊ ကိုယ်မသာဖြစ်နေပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ နောက်ဆုံး

ဧယျာရွှေမြေ အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂။

တွေ့ဆုံမှုတွင် ရတနာပုံအသင်းကို ဧယျာရွှေမြေအသင်းက အနိုင်ကစားထားရာ အဖွင့်ပွဲစဉ်တွင်လည်း အိမ်ရှင်အသင်းကို ဒုက္ခပေးနိုင်မည့်အသင်းအဖြစ် ရေပန်းစားလျက်ရှိသည်။

ဧယျာရွှေမြေအသင်းမှာ ပြီးခဲ့သည့် ၂၀၀၉ MNL ပြိုင်ပွဲတွင် မျှော်မှန်းထားသည့် အဆင့်မျိုးမရရှိခဲ့၍ အောင်မြင်မှုရရှိရန် ပြင်ဆင်နေသည့် အသင်းလည်းဖြစ်သည်။ အသင်းကို တိုးတက်မှုရှိအောင် ပြုလုပ်နေသည့် နည်းပြအဖွဲ့ကို ပိုင်ဆိုင်ထားခြင်း၊ ပြည်တွင်း အမာခံကစားသမားများကို အသင်းမှ မထွက်ခွာသွားအောင် ထိန်းထားနိုင်ခဲ့ခြင်း တို့ကြောင့်လည်း ချန်ပီယံဆုကို မျှော်မှန်းနိုင်သည့် အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၀၉ MNL အမှတ်ပေး ပြိုင်ပွဲကတည်းက ခေါ်ယူထားသည့် ဆွီဒင်ကစားသမားဖြစ်သည့် အလက်ဇန္ဒားနှင့် အယ်မာဂိုတို့ကို စာချုပ်သက်တမ်း တိုးထားနိုင်ခဲ့သလို တောင်ကိုရီးယား တိုက်စစ်မှူးများဖြစ်သည့် ဂျွန်ဆောင်ဘေးနှင့် ဂျွန်၊ ဆားဗီးယား နောက်ခံလူ ဂျီလစ်တို့ကို ထပ်မံခေါ်ယူထားခဲ့သည်။

ထိန်းထားနိုင်

ဧယျာရွှေမြေအသင်းမှာ နိုင်ငံခြားသား ကစားသမားခေါ်ယူမှုတွင် ထူးခြားမှုများရှိခဲ့ပြီး အာရှတိုက်သား ကစားသမားများကို ခေါ်ယူထားသည့် အသင်းဖြစ်သလို မြန်မာနေရှင်နယ်လိဂ် အသင်းများထဲတွင် ထူးထူးခြားခြား အာဖရိကကစားသမားများ မပါဝင်သည့်အသင်းလည်းဖြစ်သည်။ အခြားကလပ်များမှ စိတ်ဝင်တစားဖြင့် ကမ်းလှမ်းမှုခံခဲ့ရသည့် အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂၊ တိုက်စစ်မှူး ကျော်ကိုကိုတို့ကို အသင်း မပြောင်းရွှေ့သွားရန် ထိန်းထားနိုင်ခဲ့ပြီး ရာဇာဝင်းသိန်း အပါအဝင် အမာခံကစားသမားများ ဒဏ်ရာ ပျောက်ကင်းလာခြင်းက ဧယျာရွှေမြေအတွက် အားတက်ဖွယ်ပင် ဖြစ်သည်။ ထို့ပြင် အသင်းတွင် နေရာမရဖြစ်နေသည့် လက်ရွေးစင်ဟောင်း ကွင်းလယ်လူ အောင်မျိုးသန့်ကို Delta United အသင်းသို့ ရောင်းချနိုင်ခဲ့သလို ဥဿာအသင်းသို့ အောင်မိုး၊ နေပြည်တော်အသင်းသို့ နေဇော်အောင်၊ ဇွဲကပင်ယူနိုက်တက်သို့ ထင်ကျော်အောင်တို့ ပြောင်းရွှေ့သွားကြပြီဖြစ်သည်။ နောက်ခံလူ ဇော်လင်းထွန်း-၁ အပါအဝင် ကျော်ဌေးဦး၊ ယုထက်ပိုင်တို့ကိုလည်း အရောင်းစာရင်း တင်သွင်းထားကြောင်း သိရသည်။

အင်ပြည့်အားပြည့်ကစား

လာမည့် ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ ဧယျာရွှေမြေ အသင်းအုပ်ချုပ်သူ ဦးမြင့်သိန်းက ''ပြီးခဲ့တဲ့ ပြိုင်ပွဲနှစ်ခုစလုံးမှာ အောင်မြင်မှု မရခဲ့တဲ့အတွက် ၂၀၁၀ MNL အမှတ်ပေး ပြိုင်ပွဲမှာ အောင်မြင်မှုရအောင် ပြင်ဆင်နေပါတယ်။ အသင်းရဲ့ ပြင်ဆင်မှုပိုင်းကိုတော့ အားရကျေနပ်မှု ရပါတယ်။ ဂိုးသမား ဇော်မိုးထက်ကလွဲရင် ဒဏ်ရာကြီးကြီးမားမားရတဲ့သူ မရှိသလို ဒဏ်ရာရတဲ့သူတွေကလည်း ပြန်လည်ကောင်းမွန်လာလို့ အသင်းအတွက် အားတက်စရာပါပဲ။ ပြီးခဲ့တဲ့ပြိုင်ပွဲတွေမှာ အောင်မြင်မှု မရခဲ့တာဟာ ဒဏ်ရာပြဿနာတွေ၊ ပွဲပယ်ပြဿနာတွေကြောင့်ဖြစ်ပြီး ကံတရားကလည်း ကိုယ့်ဘက်မှာ မရှိခဲ့တာ ပါပါတယ်။ Cup ပြိုင်ပွဲတုန်းက အမာခံထားတဲ့ ကစားသမား လေးယောက်ထဲမှာ မင်းသူတစ်ယောက်ပဲ ဒေါင်ဒေါင်မြည် ကစားနိုင်ခဲ့ပြီး ရာဇာဝင်းသိန်းနဲ့ အောင်မျိုးသန့်တို့က ဒဏ်ရာရရှိတဲ့အထဲက ပါဝင် ကစားခဲ့ရပါတယ်။ ဇော်လင်းထွန်း-၂ဆိုရင် ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲတစ်ခုလုံးနဲ့ လွဲချော်ခဲ့ရပါတယ်။ အမှတ်ပေးပြိုင်ပွဲကျတော့ မန္တလေးမှာ သွားကစားခဲ့ရတဲ့ ပထမအကျော့ စစချင်း ပွဲစဉ်တွေမှာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်တွေထက် ပိုကောင်းတဲ့ ရလဒ်တွေ ရသင့်ခဲ့ပေမယ့် ကံတရားကြောင့်နိုင်သင့်တဲ့ပွဲတွေ အနိုင်မရခဲ့ပါဘူး။ အဲဒီကပွဲတွေအပြီး ရန်ကုန်မှာ ပြန်ကစားတဲ့ ပွဲမှာလည်း Delta ကို ထပ်ရှုံးလိုက်တာကြောင့် ဖွဲ့စည်းပုံပျက်သွားပြီး နောက်ပွဲတွေမှာနိုင်ပွဲတွေ ပြန်ရခဲ့ပေမယ့် ပွဲပယ်ပြစ်ဒဏ်တွေကြောင့် အချို့ပွဲတွေမှာ အင်ပြည့်အားပြည့် မကစားနိုင်ခဲ့ပါဘူး။

လာမယ့် ပြိုင်ပွဲမှာတော့ မလိုအပ်ဘဲ အဝါ၊ အနီတွေ မထိအောင် ကစားသမားတွေကို ပြုပြင်သွားပါမယ်။ ကစားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ စည်းကမ်းပိုင်းတွေကို ပိုကောင်းအောင်လုပ်ပြီး အသင်းအောင်မြင်မှုရရှိဖို့ ကြိုးစားသွားပါမယ်။ အသင်းပိုင်ရှင် ဦးဝင်းမြင့်၊ ဥက္ကဋ္ဌဦးသူရိန်

အသင်းအုပ်ချုပ်သူ ဦးမြင့်သိန်း။

တို့ကလည်း အသင်းအောင်မြင်မှုရဖို့ အနီးကပ် ညွှန်ကြားမှုပိုး အားပေးပါတယ်။ ဒီပြိုင်ပွဲမှာတော့ အဆင့်(၃) အတွင်းဝင်နိုင်အောင် ကြိုးစားသွားပါမယ်''ဟု ပြောကြားသွားခဲ့သည်။

ဧယျာရွှေမြေအသင်းတွင် အသင်းပိုင်ရှင် ဦးဝင်းမြင့်၊ ဥက္ကဋ္ဌ ဦးသူရိန်၊ CEO ဦးနီပေါ၊ အုပ်ချုပ်သူ ဦးမြင့်သိန်း၊ နည်းပြချုပ် စတီဖင်ဟန်ဆန်(ဆွီဒင်)၊ ဒုတိယနည်းပြချုပ် ဦးဉာဏ်ဝင်း၊ လက်ထောက်နည်းပြ ဦးစိုးမိုး၊ ဦးအောင်နိုင်၊ ဦးတင်လှိုင်၊ ဦးမျိုးထွန်း၊ ကစားသမားများအဖြစ် ဂိုးသမား- ညီညီလွင်၊ တင်ယု၊ မင်းနိုင်၊ ဇော်မိုးထက်၊ နောက်တန်း- ဇော်လင်းထွန်း-၂၊ မင်းသူ၊မျိုးဇော်ထွန်း၊ ဇော်ဇော်အောင်၊ သိန်းလင်းအောင်၊ တိုးမြင့်လှိုင်၊ ဖုံဘိုထွန်း၊ မင်းကိုကို၊ ဂျီလစ် (ဆားဗီးယား)၊ အလယ်တန်း-ရာဇာဝင်းသိန်း၊ နိုင်စိုးဝေ၊ အောင်ကိုကိုဝင်း၊ ဇော်လင်းထက်၊ ကျော်ဇင်ဝင်း၊ မျိုးကျော်၊ အလက်ဇန္ဒားနှင့် အယ်မာဂို(ဆွီဒင်)၊ ရှေ့တန်း- ကင်ဆောင်ဘေးနှင့် ဂျွန် (တောင်ကိုရီးယား)၊ စည်သူသန်း၊ ရဲဝေယံစိုး၊ ကျော်ကိုကိုနှင့် အောင်မြင့်ထွန်း တို့ပါဝင်ကြသည်။ ။ **(မြန်မာ့အလင်း)**

ဧယျာရွှေမြေတောင်ပံ ကစားသမား ရာဇာဝင်းသိန်း။

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

unicef

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၀)

၂၀၁၀ ခုနှစ်၊ မတ်လ (၁၂-၃-၂၀၁၀) ရက်နေ့မှ (၁၈-၃-၂၀၁၀) ရက်နေ့အထိ

ယင်လုံအိမ်သာဂုဏ်ယူစရာ
အိမ်သာအဆင်းလက်ဆေးပါ။

ရေကောင်းရေသန့်သုံးစွဲမှု
ကျန်းမာရေးအတွက် စိတ်ချရ။

''ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက''

ကျန်းမာရေးဝန်ကြီးဌာန

အမှာစကားပြောကြား

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၁၀)ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀) ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀) ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၀

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀) ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၁၀) ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထိုးနှံ တိုက်ကျွေးလျက်ရှိ

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ကလေးများအား ကာကွယ်ဆေးဖြင့်ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ် ကာကွယ်ဆေးထိုး လွှမ်းခြုံမှုများ မြင့်မားအောင် ထိုးနှံ တိုက်ကျွေးပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား ကာကွယ်ဆေးဖြင့် ကာကွယ်၍ ရသော ရောဂါများမှ ကင်းဝေးစေရန် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို ၁၉၇၈ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း။

ယခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀)ခုနှစ် ကျင်းပရေးလုပ်ငန်းစီမံချက်ကို နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပထမအကြိမ်အနေဖြင့် ဧပြီ ၃ရက်မှ ၄ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ် အနေဖြင့် မေ ၁ရက်မှ၂ရက်အထိ လည်းကောင်း၊ ပြည်နယ်၊ တိုင်း ၁၁ခု၌ရှိသည့် မြို့နယ်ပေါင်း ၈၁မြို့နယ်တွင်ရှိသည့် မွေးကင်းစမှ ငါးနှစ်အောက် ကလေးပေါင်း ၂ ဒသမ ၂၃သန်းခန့်အား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရန် ရည်မှန်းထားပြီး လွှမ်းခြုံမှု ရာနှုန်းပြည့်ကျော်အောင် ဆောင်ရွက်သွားရန် အလွန်အရေးကြီးကြောင်း။

ပူးပေါင်းပါဝင်

ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် လူမှုရေးအသင်းအဖွဲ့များနှင့် မိဘပြည်သူများက အမျိုးသားရေး အသွင်ဖြင့် အင်တိုက်အားတိုက် ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀)တွင် လုပ်ငန်းကော်မတီဝင်များက ကူညီပံ့ပိုးပေးရန် လိုအပ်သည့် လုပ်ငန်းများကို လည်းကောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ စီမံချက် မန်နေဂျာ ဒေါက်တာသန်းထွန်းအောင်က ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၏ သတ်မှတ်အချိန်ဇယားများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တင်ပြဆွေးနွေးချက်များအပေါ် ဆုံးဖြတ်ချက်များကို ချမှတ်အတည်ပြုကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေဆောင်ကမ်းခြေဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲနှင့် ပြပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ ကြီးမှူးကျင်းပသည့် ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ငွေဆောင်ကမ်းခြေအလှသဘာဝအမည်ဖြင့် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ရာ ပထမဆုကို ကိုအောင်ဌေးလင်းကလည်းကောင်း၊ ဒုတိယဆုကို ဦးကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)ကလည်းကောင်း၊ တတိယဆုကို ဦးဇော်ဇော်ဝေးကလည်းကောင်းရရှိသည်။

ပထမဆုကို Canon မှချီးမြှင့်သည့် Canon SLR Camera EOS 1000 D with EF 18-55 IS Lens ကိုလည်းကောင်း၊ ဒုတိယဆုကို Canon Digital Camera IXUS-95 IS ကိုလည်းကောင်း၊ တတိယဆုကို Canon Digital Camera Power-shot A 480 ကိုလည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။ နှစ်သိမ့်ဆု ၁၅ဦးကို ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲကို မတ် ၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotelခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများအားလုံးကို ခင်းကျင်းပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မန္တလေး အလုပ်သမားဆေးရုံမှအထူးကုအဖွဲ့ သစ်လုပ်ငန်းဝန်ထမ်းများအား အခမဲ့ဆေးဝါးကုသပေး

မုံရွာ မတ် ၇

မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဖေဖော်ဝါရီ ၉ရက် နံနက် ၉ နာရီက မုံရွာမြို့ အမှတ်(၇၅) သစ်စက်ရိပ်သာတွင် အခြေပြုလျက် သစ်လုပ်ငန်းဝန်ထမ်းများအား အခမဲ့ဆေးဝါးကုသခြင်းနှင့် ဆေးပညာဟောပြောပွဲ ကျင်းပသည်။ (ယာပုံ)

ဆွေးနွေးဟောပြော

ရှေးဦးစွာ အခမဲ့ဆေးကုသမှုတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီး ခြောက်ဦး၊ လက်ထောက်ဆရာဝန် ခြောက်ဦး၊ သူနာပြု ၁၅ဦးနှင့် အကြောဌာန ကျွမ်းကျင်ဝန်ထမ်း နှစ်ဦး၊ ဆေးဝါးဖြန့်ဖြူးသူ နှစ်ဦးတို့က ဖျားနာဝေဒနာရှင် ၁၇ ဦး၊ နား၊ နှာခေါင်းဝေဒနာရှင် ၁၅ဦး၊ ကလေးရောဂါရှင် ၁၆ ဦး၊ သွားဝေဒနာရှင် ၁၅ဦး၊ အကြောဝေဒနာရှင် ၃၈ဦး စုစုပေါင်း လူနာ ၃၂၇ဦးတို့အား အခမဲ့ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပြီး ဆေးရုံတက်ကုသရန် လိုအပ်သူ လူနာ ၁၅ဦးတို့အား မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးသို့ လွှဲပြောင်းကုသစေခဲ့သည်။ ဆက်လက်၍ ဆေးပညာဆိုင်ရာ ဟောပြောပွဲကိုကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ဖြူဝင်းက ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောသည်။

ချီးမြှင့်

ထို့နောက် ဆေးပညာဆိုင်ရာ ဗဟုသုတ မေးခွန်းများမေးမြန်း၍ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ **(ကျန်းမာရေး)**

ကမ္ဘာ့လူတုပ်ကွေး ပညာပေးဟောပြောပွဲ ဆားလင်းကြီး၌ ကျင်းပ

ဆားလင်းကြီး မတ် ၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကြီးမှူး၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့လူတုပ်ကွေး ရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် ဆားလင်းကြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာခင်ခင်ထွန်းက ကမ္ဘာ့လူတုပ်ကွေး ရောဂါအကြောင်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအကြောင်း ရှင်းလင်းဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး ခင်ဦးမြို့နယ်တွင် ကွင်းဆင်းဆွေးနွေး

ခင်ဦး မတ် ၃

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းသည် ဖေဖော်ဝါရီ ၅ရက် ညနေ ၃နာရီက ခင်ဦးမြို့နယ် ညောင်ကန်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက် ဆောက်လုပ်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုသို့စစ်ဆေးရာတွင် ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်က စာကြည့်တိုက်ဆောက်လုပ်မှု အခြေအနေများ တင်ပြပြီး ခရိုင်ဦးစီးမှူး ဦးညိုဝင်းက စာကြည့်တိုက်ကို သတ်မှတ်ကာလအတွင်း ဆောက်လုပ်ပြီးစီးရေး၊ စံ (၅)ချက်နှင့်အညီ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။ (မြို့နယ် ပြန်/ ဆက်)

ညောင်ရွှေမြို့ ကန်သာရပ် ဈေးလှေဆိပ်ချောင်း တူးဖော်ပြီးစီးမှု အထိမ်းအမှတ် ကျင်းပ

ညောင်ရွှေ မတ် ၅

ညောင်ရွှေမြို့ ကန်သာရပ်ကွက် ဈေးလှေဆိပ်ချောင်း တူးဖော်ပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၈နာရီက အဆိုပါ ချောင်းထိပ်မှခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ၊ ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကန်သာရပ်ကွက် ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အထိမ်းအမှတ်အလံများကို သက်ဆိုင်ရာဌာနများသို့ ပေးအပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် လယ်ယာ/ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကန်သာရပ်ကွက် ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ကျိုင်းတုံ ဟိုခိုကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ကျိုင်းတုံ မတ် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဟိုခိုကျေးရွာတွင် နိုင်ငံတော်ထောက်ပံ့ငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်သည့် လိုတရစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ဒေသခံ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အတွက် ကတ်ထိုက်အုပ်စု ဥက္ကဋ္ဌက တိုင်ကပ်နာရီတစ်လုံးပေးအပ်ရာ ကျေးရွာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆိုက်ကျောက်က လက်ခံယူသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်ကို နိုင်ငံတော်ထောက်ပံ့ငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၂၃၆၅၅၀၀ ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ဂုန်လျှော် စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ မအူပင်မြို့နယ်၌ ကျင်းပ

မအူပင် မတ် ၅

မအူပင်မြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက်က မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွှန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၂၉အုပ်စုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရည်မွှန်က စီမံကိန်းလျာထားချက် ပြည့်မီရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန စိုက်ပျိုးရေးနှင့်ဝယ်ယူရေး မြို့နယ်မန်နေဂျာ ဦးစောမန်းထော်က ဂုန်လျှော်၊ ချဉ်ပေါင် လျှော်မျှင် စိုက်ပျိုးရေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးရည်မွှန်နှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များက ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များကို ကျေးရွာစိုက်ပျိုးရေးစခန်းအလိုက် တာဝန်ခံများသို့ ပေးအပ်သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျိုက်ထို အမက(၁) ပညာရည်ချွန်ဆု ချီးမြှင့်

ကျိုက်ထို မတ် ၈

ကျိုက်ထိုမြို့နယ်တွင် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် အမက(၁)ကုံကော်၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းသားကျောင်းသူများက စုံညီပွဲတော် တို့နွဲ့ပျော်တေးသီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဦးတင်ဝင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

*ထို့နောက် သင်ကြားရေးထူးချွန်ဆုနှင့် ကျောင်းတက်မှန်ဆုရ ဆရာမများကို မြို့နယ်ပညာရေးမှူးက ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)***

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့ပြလမ်းဖြစ်သည့် ဆေးရုံပတ်လမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးတိုးမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီးတွင် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း၊ အဖွဲ့ဝင် ဒုတိယရဲမှူး ရန်အောင်၊ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးကျော်လှိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ဆီဆိုင်၌ဆောင်ရွက်

ဆီဆိုင် မတ် ၂

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လေ့ကျင့်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းတို့ကို ဖေဖော်ဝါရီ ၆ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခက ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ဗန္ဓုလလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာနိုင် ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးကျော် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လှိုင်သာယာ-ဒလ-တွံတေးလမ်း ကတ္တရာခင်းပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေးမှာကြား

ပြည်သူ့ကျန်းမာရေး အဆင့်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် မတ် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မတ် ၉ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၅)လမ်းမကြီးနှင့် လှိုင်သာယာ-ဒလ-တွံတေး ကားလမ်းဆုံရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆) စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတို့က လှိုင်သာယာ-ဒလ-တွံတေးလမ်း ကတ္တရာခင်းပြီးစီးမှု၊ ကတ္တရာရေပိတ်လွှာလောင်း ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၃ ❐

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအား သုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

သတင်းမှတ်စု - တင်မာဝင်းနှင့် မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၀

နိုင်ငံတော်အနေဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကာ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

စိုက်ပျိုးရေးနှင့် သောက်သုံးရေ ပြည့်ဝဖူလုံစေရေး အထောက်အကူပြု ပဲခူးတိုင်း အနောက်ခြမ်း ပန်းတောင်းမြို့နယ်မှ ခဝါရေလှောင်တမံ